ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ ကြာသပတေးနေ့ (4-8-2011) (၆၈၄၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေးပညာရှင်များက တစ်ခန်း၊ တစ်ကဏ္ဍမှ တာဝန်ယူဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြပေါင်းစည်း လယ်ယာသို့လာရောက်ကြည့်ရှုလေ့လာကြသော ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွဋ် ဦးဆောင်သည့် စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအား စံပြပေါင်းစည်းလယ်ယာအတွင်း အထူးအထွက်တိုး စိုက်ခင်းစိုက်ကွက်များ၏အခြေအနေများကို ပြသကာ ရှင်းလင်းမှာကြားရာတွင် ကျေးလက်နေ တောင်သူလယ်သမားများ၏ ဆင်းရဲနွမ်းပါးမှုကို လျှော့ချရာ၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အလွန်အရေးပါကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေးပညာရှင်များကလည်း တစ်ခန်း၊ တစ်ကဏ္ဍမှ တာဝန်ယူဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိနိုင်ငံ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကမ္ဘာကို ရင်ပေါင်တန်းနိုင်သည့် စိုက်ပျိုးရေးကဏ္ဍတွင် အောင်မြင်သော နိုင်ငံတစ်ခု ဖြစ်လာအောင် အထူးအထွက်တိုးမျိုးစေ့များ ပိုမိုထုတ်လုပ်ပေးရေး၊ လေ့ကျင့်ပေးရေးနှင့် သင်ကြားပေးရေး စသည့် အချက်များကို ကျေးလက်နေ တောင်သူလယ်သမားများထံ

အရောက် လက်ဆင့်ကမ်း ပညာဝေငှသွားရန် လိုအပ်ကြောင်း၊ သို့မှသာ နည်းပညာနှင့် ခေတ်မီသည့် စိုက်ပျိုးနည်းစနစ်များဖြင့် အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးရေး နိုင်ငံတစ်ခုအဖြစ် ဝင့်ထည်စွာ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ထို့အတွက် မိမိတို့စိုက်ပျိုးရေး ပညာရှင်များအနေဖြင့် တစ်ဦးချင်း တစ်ယောက်ချင်းစီက တာဝန်ရှိကြောင်း ခံယူကာ ရည်မှန်းချက်များကို တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြပေါင်းစည်းလယ်ယာသို့ လာရောက်ကြည့်ရှုလေ့လာကြသော ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတစ်ရပ် ပေါ်ထွက်လာစေရေး ဆွေးနွေးညှိနှိုင်း

နေပြည်တော် ဩဂုတ် ၃

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ကွန်ရွှေဝါခန်းမ၌ ကျင်းပရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အဖွင့်အမှာစကားပြောကြားရာ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် ဆွေးနွေးညှိနှိုင်းရန် ယခုအစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးမဏ္ဍိုင် (၃)ခုစလုံး အချိုးညီညီ ဖွံ့ဖြိုးမှု ရရှိရန်အတွက် စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို စနစ်တကျ ပေါင်းစည်းဆောင်ရွက်သွားနိုင်ရန်နှင့် မူဝါဒများကို လက်တွေ့ဆောင်ရွက်မှုအဖြစ် ဖော်ဆောင်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်ခြင်းသည် အဓိကကျသည့်အချက်တစ်ရပ် ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်နေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပေါ်ထွန်းလာအောင် ဆောင်ရွက်ရန်လိုကြောင်း၊ သို့ဖြစ်၍ ယခင်ရေးဆွဲပြုစုထားပြီးဖြစ်သည့် ဥပဒေ(မူကြမ်း)အား လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ပြန်လည်ပြင်ဆင်ဖြည့်စွက်ရန်ရှိသည်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၄- ၈ -၂၀၁၁
(ကြာသပတေးနေ့)

ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးဖို့ မိခင်နို့ တိုက်ကြစို့

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူတစ်ရပ်လုံး သက်ရှည်ကျန်းမာစေရေး အမျိုးသားကျန်းမာရေး စီမံကိန်းများ ချမှတ်ဖော်ဆောင်နေသည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများလည်း ပူးပေါင်းပါဝင်ကူညီလျက်ရှိသည်။

ပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားစေရေး ဖော်ဆောင်ရာတွင် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပါဝင်သည်။ နိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်သည် မိခင်နှင့်ကလေးများ ဖြစ်သည်။ ဩဂုတ်လအတွင်း အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုများ ကျင်းပသွားမည်။ အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ အာဟာရလွန်ကဲမှုပြဿနာကာကွယ်ရေး၊ အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်သည့် ဓလေ့ ပိုမိုထွန်းကားလာရေးတို့အတွက် ကျင်းပခြင်းဖြစ်သည်။

ဩဂုတ်လ ပထမပတ်တွင် မိခင်နို့တိုက်ကျွေးရေး လှုပ်ရှားမှုများကို အာဟာရအသိပညာပေး သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဒုတိယပတ်တွင် ငါးနှစ်အောက်ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေး တတိယပတ်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး စတုတ္ထပတ်တွင် အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ရက်သတ္တပတ်များအဖြစ် လှုပ်ရှားမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မွေးကင်းစကလေးငယ်များအတွက် မိခင်နို့ရည်သည် အကောင်းဆုံး အာဟာရဖြစ်သည်။ မိခင်နို့ရည်တွင် ပရိုတင်းဓာတ်၊ ကစီဓာတ်၊ ဗီတာမင်၊ ဓာတ်ဆားနှင့် ရေစသည့် ပစ္စည်းများပါဝင်နေရာ မိခင်နို့တစ်မျိုးတည်းကို တိုက်ကျွေးခြင်းဖြင့် ကလေးငယ်များ အသက်ရှင်သန် ကျန်းမာဖွံ့ဖြိုးစေမည်ဖြစ်သည်။ ထို့ကြောင့် မွေးစမှ ကလေးအသက်(၆)လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရန် အသိပညာပေးနေခြင်းဖြစ်သည်။

မိခင်များအနေဖြင့် ကလေးမွေးဖွားပြီး တစ်နာရီအတွင်း မိခင်နို့ဦးရည်ကို ဂရုပြုတိုက်ကျွေးခြင်းဖြင့် ကလေးငယ်များ ကျန်းမာသန်စွမ်းမှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ အချို့သောမိခင်များသည် ရင်သွေးငယ်များအား အလွယ်တကူရရှိနိုင်သည့် နို့မှုန့်များကို ဖျော်၍ တိုက်ကျွေးလေ့ရှိကြသည်။ မသန့်ရှင်းသော နို့မှုန့်ကို တိုက်ကျွေးမိပါက ဝမ်းလျှောဝမ်းပျက်ခြင်းနှင့် အခြားရောဂါများဖြစ်ပွားပြီး ကျန်းမာရေး ထိခိုက်နိုင်သည်ကို သတိပြုကြရပေမည်။

ကလေးမိခင်တိုင်းက မိမိတို့၏ရင်သွေးငယ်များ ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုးမှုကို အစဉ်ဂရုပြုပြီး ကလေးအသက် (၆)လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးစေရေး ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများအားလုံးက မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုတွင် အာဟာရအသိပညာပေး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

ရန်ကုန်မြို့ တာမွေမြို့နယ် ပင်ရွှေညောင်လမ်း မွန်မြတ်မေတ္တာအိမ်ရာနေ ကိုနေလင်းဦး-မကေဇင်မျိုးညွန့် မိသားစုက (၅)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်ဌေးဌေးဆွေတို့ လက်ခံစဉ်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၇၇၅၀	၀. ၀၃၃၅၉
တရုတ် (ယွမ်)	၆. ၄၃၅၂၅	၀. ၁၅၅၃၉
အိန္ဒိယ (ရူပီး)	၄၄. ၃၁၅၀	၀. ၀၂၂၅၇
မလေးရှား (ရင်းဂစ်)	၂. ၉၆၇၅၀	၀. ၃၃၆၉၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၇၆၅	၀. ၈၂၈၀၅
ဂျပန် (ယန်း)	၇၇. ၀၈၆၇	၀. ၀၁၂၉၇
တောင်ကိုရီးယား(ဝမ်)	၁၀၆၀. ၉၈	၀. ၀၀၀၉၄
ယူရို	၀. ၆၉၈၄၆	၁. ၄၃၀၅၂
ဗြိတိသျှ (ပေါင်)	၀. ၆၁၀၀၀	၁. ၆၃၉၃၃

အင်တာနက်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၃၄) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၄)ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၃၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်က သင်တန်းဖွင့်အမှာစကားပြောကြားရာ၌ သင်တန်းသား စာရင်းစစ်များအနေဖြင့် စစ်ဆေးရေးလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေအရ ပြည်သူများဘက်က ရပ်တည်ရမည်ဖြစ်ကြောင်း၊ ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ပြီး အဂတိလိုက်စားမှုမရှိဘဲ စစ်ဆေးတွေ့ရှိချက်များကို အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း စစ်ဆေးဖော်ထုတ်တင်ပြရမည်ဖြစ်ကြောင်း၊ စာရင်းစစ်များအနေဖြင့် ပင်ကိုထိုးထွင်းဉာဏ်၊ လိမ္မာပါးနပ်မှု၊ ဉာဏ်ရည်အကင်းပါးမှု၊ ဂရုစမ္မစိုက်ထုတ်တတ်မှုနှင့် နိုးကြားတက်ကြွ၍ သတိဝီရိယရှိမှု စသည့် အရည်အချင်းကျင့်ဝတ်များနှင့် ပြည့်စုံအောင် ကြိုးပမ်းအားထုတ်ပြီး စစ်ဆေးရေးလုပ်ငန်း စွမ်းဆောင်ရည် ပြည့်ဝသည့် နိုင်ငံတော်က အားထားရမည့် လူကောင်းလူတော်များဖြစ်ရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်၊ ညွှန်ကြားရေးမှူးချုပ်(တာဝန်)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းကထိကများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၀၄ ဦး တက်ရောက်ကြသည်။

(သတင်းစဉ်)

ကြေးတိုင်နှင့်မြေစာရင်း လုပ်ငန်းစွမ်းဆောင်ရည်မြှင့် သင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၁)ဖွင့်ပွဲ အခမ်းအနားကို တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းတွင် ဩဂုတ် ၂ ရက် နံနက်ပိုင်းက ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းကို လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အခြေခံစာရင်းအင်း ကိန်းဂဏန်း အချက်အလက်များ မှန်ကန်ရေး၊ ၂၀၁၁-၂၀၁၂ မိုးစပါး အမှန်စိုက်ဧကနှင့် အထွက်နှုန်းများ မြေပြင်စာရင်းအမှန်ကောက်ယူရေး၊ မြေအသုံးချမှု၊ လယ်ယာမြေစီမံခန့်ခွဲမှုနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုး လုပ်ကိုင်မှုဆိုင်ရာ စာရင်းအင်းမှန်ကန်ရေး လုပ်ငန်းများကို ဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရန်၊ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်မြင့်မာရေး အတွက် စပါးသီးနှံစိုက်ပျိုးရာတွင် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ အသုံးပြုရန်နှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို တောင်သူများ ကျေးလက်မကျန် ပျံ့နှံ့အောင်ဆောင်ရွက်ရန်၊ တောင်သူ ပညာပေးရေးလုပ်ငန်းများကို မြေစာရင်းဝန်ထမ်းများအားလုံး ပါဝင် ပူးပေါင်းဆောင်ရွက်ကြရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဦးစီးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး မွမ်းမံသင်တန်းတွင် ဌာနဆိုင်ရာလုပ်ငန်းများကို ဥပဒေညွှန်ကြားချက်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်နိုင်စေရေး ပိုမိုနားလည် တတ်ကျွမ်းသိရှိ ဆောင်ရွက်နိုင်စေရန်နှင့် လုပ်ငန်းကျွမ်းကျင်၍ အရည်အချင်းပြည့်ဝပြီး ရိုးသားမှုရှိရန်၊ အဂတိကင်းရှင်းပြီး ပြည်သူလူထု အကျိုးကို ရှေးရှုဆောင်ရွက်ကြရန် ခေတ္တညွှန်ကြားရေးမှူးချုပ်က မှာကြားသည်။

အဆိုပါ အခမ်းအနားသို့ သင်တန်းကျောင်း ညွှန်ကြားရေးမှူး ကျောင်းအုပ်ကြီး ဦးသန်းနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်မြေစာရင်းဦးစီးဌာနများမှ ဒုတိယဦးစီးမှူး သင်တန်းသား ၈၀ တို့ တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၁၉ ရက်အထိ ရက်သတ္တ သုံးပတ်ကြာမြင့်မည်ဖြစ်သည်။ (ကြေးမုံ)

ငါန်းဇွန်(အထက)မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ငါန်းဇွန် ဩဂုတ် ၃

ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (ဧကောဒသမအကြိမ်မြောက်) မြတ်ဆရာပူဇော်ပွဲနှင့် အမှတ်တရ တွေ့ဆုံပွဲကို အောက်တိုဘာ ၁၆ ရက် (တနင်္ဂနွေနေ့) တွင် ငါန်းဇွန် အထက(အောင်ဆန်းခန်းမ) ၌ ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်များ တက်ရောက်ရန်နှင့် အလှူငွေ ထည့်ဝင်လိုပါက ရန်ကုန်မြို့ ဦးခင်မောင်ညို (ခင်မောင်ညို-ဘောဂဗေဒ) ဖုန်း-၀၉-၅၀၆၃၇၇၂၈၊ ဒေါ်သန်းနွဲ့ဦး ဖုန်း-၀၉-၈၆၂၄၀၆၅၊ ဦးသိန်းဇံ ဖုန်း-၀၉-၈၆၂၃၀၀၅၊ ဒေါ်နီနီအေး ဖုန်း-၀၉-၅၁၉၄၃၂၃၊ နေပြည်တော် ဦးမြင့်လွင် ဖုန်း-၀၉-၄၉၂၀၆၂၈၁၊ ဗိုလ်မှူးမြတ်မိုး ဖုန်း-၀၉-၈၃၀၀၈၁၃၉၊ ဦးအောင်နိုင်ချစ် ဖုန်း-၀၉-၄၉၂၀၀၃၈၈၊ မန္တလေး ဦးတင်မောင်ဝင်း ဖုန်း-၀၉-၂၀၀၄၇၉၇၊ ဒေါ်မွှေးဖြူ ဖုန်း-၀၂-၇၂၁၁၄၊ မုံရွာ ဦးဆန်းထွန်းဦး ဖုန်း-၀၉-၂၁၃၂၆၁၃၊ မြင်းမူ ဒေါ်ဝင်းဝင်းဌေး ဖုန်း-၀၇၁-၄၀၃၂၇၊ ငါန်းဇွန် ဦးမြင့်ဇော် ဖုန်း-၀၆၆-၄၆၀၃၇နှင့် ဒေါ်မြင့်မြင့်မော် ဖုန်း-၀၆၆-၄၆၁၀၂တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(၄၁၆)

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)က ဇူလိုင် ၃၁ ရက်တွင် လပွတ္တာမြို့ ပြင်ပလူနာဌာန အခမဲ့ဆေးကုသမှုရန်ပုံငွေအတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို အသင်းဒုတိယဥက္ကဋ္ဌ ဦးဟန်စိန်၊ ဦးရွှေလှိုင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်တို့ထံ ပေးအပ်လှူဒါန်းကြစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)နှင့် အထွေထွေရောဂါကုဆရာဝန်များအဖွဲ့က ကြီးမှူး၍ (Seminar on Improving Doctor-Patient Relationship) "ဆရာဝန်နှင့် လူနာကြား ဆက်ဆံရေး တိုးတက်စေရေး" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဩဂုတ် ၆ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီခွဲမှ ညနေ ၄ နာရီထိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များအားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ငါးရစ်တစ်ကောင်
သုံးလရှောင်
ထောင်သောင်းတိုးပွား
ရေရှည်စား

✤ ကျေးလက်နေပြည်သူမှ

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက အထွက်တိုး စံပြပေါင်းစည်းလယ်ယာအတွင်း စိုက်ပျိုးထားရှိသည့် စိုက်ခင်းစိုက်ကွက်များနှင့် အသုံးပြု စိုက်ပျိုးထားသည့် ခေတ်မီစိုက်ပျိုးနည်းစနစ်များ၊ နှစ်ဆအထွက်တိုးသည့် စပါးမျိုးစိတ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက သိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄)ချက်နှင့်စပ်လျဉ်း၍ ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှ တစ်ဆင့် ကျေးလက်နေ တောင်သူလယ်သမားများအား ပညာပေးရန် စီစဉ်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ လေ့လာရေးကျောင်းသား၊ ကျောင်းသူများအား အထူးအထွက်တိုး စပါးစိုက်ခင်း၊ အထူးအထွက်တိုး နေကြာစိုက်ခင်းနှင့် အထူးအထွက်တိုး ကြံစိုက်ခင်းများကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများသည် စက်မှုလယ်ယာကဏ္ဍတွင် အသုံးပြုလျက်ရှိသည့် လယ်ယာသုံးစက်ပစ္စည်းနှင့် ယာဉ်များကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ လေ့လာရေးကျောင်းသား၊ ကျောင်းသူများအဖွဲ့တွင် အုပ်ချုပ်သူ ဆရာ၊ ဆရာမ ၂၀ နှင့် ကျောင်းသား၊ ကျောင်းသူ ၄၀၀ စုစုပေါင်းအင်အား ၄၂၀ လာရောက်ကြည့်ရှုလေ့လာကြကာ သိရှိလိုသည့် အချက်အလက်များကို စိတ်ဝင်တစား မေးမြန်းလေ့လာမှတ်သားခဲ့ကြသည်။ (သတင်းစဉ်)

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြပေါင်းစည်းလယ်ယာသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

✻ သဘာဝပတ်ဝန်းကျင်မှ

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက ဥပဒေ(မူကြမ်း)အား လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိစေရေး ပြန်လည်ပြင်ဆင် ဖြည့်စွက်ရန်ရှိသည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

အစည်းအဝေးအပြီးတွင် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဝင် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်များ ပါဝင်သော ဥပဒေ(မူကြမ်း) ပြုစုရေးလုပ်ငန်းအဖွဲ့ (Core Unit) က ဥပဒေ(မူကြမ်း)အား ခေတ်စနစ်နှင့်လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ဖြည့်စွက်ရန်ရှိသည်များကို ဆက်လက်ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်အဖွဲ့ တွေ့
သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Complete Plant Import & Export Corporation Limited (COMPLANT) မှ Chairman Mr. Zhang Hui နှင့်အဖွဲ့သည် ဩဂုတ် ၂ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

ရွှေအိမ်စည်စာကြည့်တိုက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

မိတ္ထီလာ ဩဂုတ် ၃

မိတ္ထီလာခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်ခဲ့သည့် ဇောင်ချမ်းကုန်းကျေးရွာ ရွှေအိမ်စည်စာကြည့်တိုက် လေးနှစ်ပြည့်နှစ်ပတ်လည်နေ့ အခမ်းအနားကို ဇူလိုင် ၁ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဌေးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမြင့်အေးက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအကြောင်းကို ရှင်းလင်းပြောကြားပြီး ရွှေအိမ်စည်စာကြည့်တိုက်အတွက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် အလှူရှင်များက စာအုပ်၊ စာစောင်နှင့် လှူဒါန်းငွေများ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌက လက်ခံရယူသည်။

(အောက်ပုံ) (၅၇၉)

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တာဝကျေးရွာ တက်လူစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီက ကျင်းပရာ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးအေးသောင်း၊ မြို့နယ်ဦးစီးမှူး ဦးသက်ဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက် များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၈-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

၆း၃၀ MRTV-4 သတင်း
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၈၅)**
၇း၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (Australia Vs Costa Rica) (LIVE)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၂၇)**
၁၀း၂၀ MRTV-4 7th Anniversary Live Show (Day-1)(Part-3)
၁၁း၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၃၀ The Champion of Dance
၁၂း၀၅ Activities In The City
၁၂း၂၀ သပြေကန်တေရဂူဏပူဇာ နှစ် (၁၀၀)စာစောင်ထုတ်ဝေခြင်း
၁၂း၄၀ ဝါဆိုမိသားစု၏ဝါဆိုအလှူ
၁း၀၀ “ကြိုက်ရာရွေး” တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ Quiz Idol
၃း၁၀ ရခိုင်မင်္ဂလာစည်ပြောသံသာ မဏ္ဍလာရာမကျောင်းတိုက်မှ အလှူတော်မင်္ဂလာ
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၈၅)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၂၇)**
၄း၅၀ Activities In The City
၅း၀၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ “ခုနစ်ထွေဧကေရီ”ဗီဒီယိုရိုက်ကွင်း
၅း၂၅ ဆေးလိပ်ဖြတ်ပွဲအခမ်းအနား [ပါမောက္ခခင်မောင်ဝင်း (အသည်း)]
၅း၄၀ အနုပညာမိုးကောင်းကင်
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၈၆)**
၇း၀၀ MRTV-4 7th Anniversary Live Show (Day-1)(Part-4)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၂၈)**
၁၀း၂၀ FIFA U-20 WORLD CUP COLOMBIA 2011 (Saudi Arabia Vs Guatemala) (DELAY)
၁၂း၀၅ Style ရှိမှ Star ဖြစ်မယ်
၁း၀၅ အနာဂတ်ရင်သွေးငယ်များ၏ အရည်အသွေး (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၁း၂၀ မြတ်နိုးဖွယ်ရာ မေမြန်မာ ဆင်ယင်ခြယ်သသုံးရာသီအလှ (ဆောင်းရာသီဖက်ရှင်)
၂း၀၀ FIFA U-20 WORLD CUP COLOMBIA 2011 (Croatia Vs Nigeria) (DELAY)
၃း၄၅ နောက်မကျရအောင် (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
၃း၅၅ စွမ်းရည်မြင့်မားလယ်ယာ (၁၆) လက်တွန်းထွန်စက်တာယာများ
၄း၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (Mexico Vs England) (LIVE)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အာဖဂန်၌ ငြိမ်းချမ်းရေးအတွက် ပါကစ္စတန်က ကြားဝင် စေ့စပ်ပေးနိုင်

အစ္စလာမ္မာဘတ် ဩဂုတ် ၃

အာဖဂန်နစ္စတန်နိုင်ငံ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပေါ်ထွန်းလာစေရေးအတွက် ပါကစ္စတန်နိုင်ငံက တာလီဘန်ခေါင်းဆောင်ပိုင်းနှင့် အဆက်အသွယ်ပြုလုပ်ပေးနိုင်ကြောင်း အာဖဂန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်လူဒင်က ဩဂုတ် ၂ရက်တွင်ပြောကြားသည်။

မြို့တော်အစ္စလာမ္မာဘတ်၌ အမေရိကန်နှင့် ပါကစ္စတန် ထိပ်တန်းသံတမန်များနှင့်အတူ ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် လူဒင်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ် အကောင်အထည်ပေါ်လာရေးမှာ ပါကစ္စတန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် မှီတည်နေကြောင်း ၎င်းကပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ကြောင်း အာဖဂန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အစ္စလာမ္မာဘတ်၌ကျင်းပခဲ့သော သုံးနိုင်ငံဆွေးနွေးပွဲသို့ အမေရိကန်အထူးကိုယ်စားလှယ် မက်ဂရိုစမန်နှင့် ပါကစ္စတန်နိုင်ငံခြားရေးအတွင်းဝန် ဆယ်လမန်ဘာရှီးတို့လည်း တက်ရောက်ခဲ့ကြပြီး အဆိုပါသုံးနိုင်ငံမှ ကာကွယ်ရေးနှင့် ထောက်လှမ်းရေးဆိုင်ရာ တာဝန်ရှိသူများကလည်း ပါဝင်ဆွေးနွေးခဲ့ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ် မြှင့်တင်နိုင်ရန် ယခုနှစ်အစောပိုင်းမှစ၍ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ကျင်းပသွားရန် သဘောတူညီခဲ့သည်။ သို့ရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ တာလီဘန်အဖွဲ့ ပါဝင်လာရန် အားပေးမှုများမှာ အရာမရောက်ခဲ့ပေ။ **ဆင်ဟွာ။**

တရားမဝင် ပြည်သူ့စစ်အဖွဲ့ဝင်များအား လက်နက်ဖြုတ်သိမ်းရန် အာဖဂန်ကြံရွယ်

ကဘူး ဩဂုတ် ၃

အကြမ်းဖက်မှုများ ထူပြောသော အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ကန်ဒုဇ်ပြည်နယ်ရှိ တရားမဝင်ပြည်သူ့စစ်တပ်ဖွဲ့များကို လက်နက်ဖြုတ်သိမ်း၍ အုပ်စုခွဲပစ်ရန် အာဖဂန်အစိုးရတာဝန်ရှိသူများက နည်းလမ်းရှာလျက်ရှိကြောင်း ဩဂုတ် ၂ ရက် သတင်းများ၌ ဖော်ပြသည်။

ကန်ဒုဇ်ပြည်နယ်အတွင်းရှိ ပြည်သူ့စစ် ၄၀၀၀ ကျော်တို့အား ရက်ပေါင်း ၂၀ အတွင်း လက်နက်များစွန့်လွှတ်ရန်နှင့် ယင်းသို့စွန့်လွှတ်ခြင်းမရှိပါက အရေးယူမှုနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အာဖဂန်အာဏာပိုင်များက သတိပေးထားရာ လွန်ခဲ့သည့် နှစ်နှစ်ခန့်ကာလမှစ၍ တည်ငြိမ်မှု ယိုယွင်းလျက်ရှိသည့် ကန်ဒုဇ်ပြည်နယ်၌ အကြမ်းဖက်မှုများ ပိုမိုပေါ်ပေါက်လာဖွယ်ရာ ရှိသည်။

ပြည်သူ့စစ်အဖွဲ့များ အဓိကကြီးစိုးရာ ကန်ဒုဇ်ပြည်နယ် အရှေ့တောင်ပိုင်း ခန်အဘတ်ခရိုင်သည် အာဖဂန်အစိုးရ၏ ညွှန်ကြားချက်အသစ်တွင် အဓိက အကျုံးဝင်သည်။

အကယ်၍ ပြည်သူ့စစ်အဖွဲ့ဝင်များက သတ်မှတ်ရက်အတွင်း လက်နက်များအပ်နှံခြင်းမရှိပါက အာဖဂန်စစ်ဘက်က တစ်အိမ်တက်ဆင်း ရှာဖွေသိမ်းဆည်းသွားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အာဖဂန်အစိုးရသည် ကန်ဒုဇ်ပြည်နယ်၌ ပြည်သူ့စစ် ၁၅၀၀ ခန့်ကိုသာ လက်နက်ခဲယမ်းများ တပ်ဆင်ပေးထားသော်လည်း ထောင်ပေါင်းများစွာသော အာဖဂန်များသည် တရားမဝင်ပြည်သူ့စစ်အဖွဲ့များ၌ ပါဝင်လှုပ်ရှားလျက်ရှိသည်။

တရားမဝင်ပြည်သူ့စစ်အဖွဲ့များသည် ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်ရာ၌ ပြဿနာမျိုးစုံဖန်တီးလျက်ရှိကြောင်း အာဖဂန်အမျိုးသားတပ်မတော် တပ်မှူးတစ်ဦးက ပြောကြားခဲ့သည်။ **အင်တာနက်။**

အိမ်အတွင်း နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်လိုသူ ဆွီဒင်နိုင်ငံသား စုဆောင်းထားသော နျူကလီးယားကုန်ကြမ်းများအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိမ်အတွင်းနျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ရန်ကြိုးပမ်းသူအား ဆွီဒင်ရဲတပ်ဖွဲ့ ဖမ်းဆီး

ဟယ်လ်ဆင်ဘော့ဂ် ဩဂုတ် ၃

မီးဖိုချောင်အတွင်း၌ နျူကလီးယားဓာတ်ပေါင်းဖိုတစ်လုံး တည်ဆောက်ရန် ကြိုးပမ်းနေသော အမျိုးသားတစ်ဦးအား ဆွီဒင်နိုင်ငံ ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ရကြောင်း ဩဂုတ် ၃ ရက် သတင်းများတွင် ဖော်ပြသည်။

မိမိ၏နေအိမ်အတွင်း သီးသန့်နျူကလီးယားဓာတ်ပေါင်းဖိုတစ်လုံး တည်ဆောက်ခွင့်ရှိ မရှိကို ဆွီဒင်နိုင်ငံ၏ နျူကလီးယားစွမ်းအင်ဆိုင်ရာ အာဏာပိုင်များထံ အမျိုးသားတစ်ဦးက မေးမြန်းခဲ့ရာမှအစပြု၍ ဆွီဒင်အနောက်ပိုင်း အိန်ဂျယ်လ်ဟိုးလ်မြို့၌ ရဲတပ်ဖွဲ့ဝင်များက ယင်းအမျိုးသားအား ခြေရာခံဖမ်းဆီးခဲ့ရကြောင်း သိရသည်။

အမည်နာမဖော်ပြခြင်းမရှိသော နျူကလီးယားစွမ်းအင်ဆိုင်ရာ အပျော်တမ်းအင်ဂျင်နီယာအမျိုးသားသည် အမေရိကန်ပြည်ထောင်စုမှ မှာယူထားသော ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်ထောက်လှမ်းရေးကိရိယာ (ဂိုက်ဂါကောင်တာ)အပါအဝင် နျူကလီးယားကုန်ကြမ်းအနည်းငယ်ကို စုဆောင်းထားပြီးဖြစ်ကြောင်း ဆွီဒင်နိုင်ငံရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ အမျိုးသားသည် ၎င်း၏ နျူကလီးယားဓာတ်ပေါင်းဖိုစီမံကိန်းအား လျှို့ဝှက်ထားခြင်းမရှိဘဲ အင်တာနက် ဝက်ဘ်ဆိုက်၌ လွှင့်တင်ကာ ဆွီဒင် နျူကလီးယားလုံခြုံရေးအာဏာပိုင်များထံ အိမ်အတွင်း နျူကလီးယားဓာတ်ပေါင်းဖိုတစ်လုံး တည်ဆောက်ခွင့်ရ၊ မရ စာရေးမေးမြန်းခဲ့ကြောင်း ဆွီဒင်ရဲတပ်ဖွဲ့၏အဆိုအရ သိရသည်။

သို့ရာတွင် အိမ်အတွင်း နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ရေးမှာ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်ကြောင့် အောင်မြင်ခဲ့ခြင်းမရှိကြောင်း အဆိုပါ အမျိုးသားက ဆွီဒင်သတင်းစာတစ်စောင်သို့ ပြောကြားခဲ့သည်။ **အင်တာနက်။**

ပင်လယ်လိပ် တစ်ကောင် ဥချထားသော ဥအတွင်းမှ ပေါက်ဖွားလာသည့် လိပ်ငယ် တစ်ကောင်အား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မလေးရှားနိုင်ငံ၌ လိပ်ဥများ ရောင်းဝယ်ဖောက်ကားမှု တားမြစ်ရေးတောင်းဆိုသံထွက်ပေါ်

ကွာလာလမ်ပူ ဩဂုတ် ၃

ပင်လယ်ရေသတ္တဝါများ ရှင်သန်ကျက်စားနိုင်မှုကို အာမခံချက်ပေးနိုင်ရေးအတွက် ပင်လယ်လိပ်ဥများ စားသုံးမှုနှင့် ရောင်းဝယ်ဖောက်ကားမှုအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တားမြစ်ပိတ်ပင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီများက မလေးရှားနိုင်ငံကို တောင်းဆိုခဲ့ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြသည်။

ယခင်က မလေးရှားနိုင်ငံ ကမ်းခြေများသို့ ပင်လယ်လိပ်ထောင်ပေါင်းများစွာသည် ဥဥရန် လာရောက်ခဲ့ကြသော်လည်း ယခုအခါ လိပ်ဥတူးဖော်ရှာဖွေမှုများနှင့် ကမ်းရိုးတန်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် မလာရောက်သလောက် ရှားပါးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ပင်လယ်လိပ်များ ရှင်သန်ကျက်စားနိုင်မှုကို အာမခံနိုင်ရေးအတွက် လိပ်မျိုးစိတ်အားလုံးတို့၏ ဥများအား စားသုံးမှုနှင့် ရောင်းဝယ်ဖောက်ကားမှုတို့အား ပိတ်ပင်ရန် မိမိတို့တောင်းဆိုခဲ့ကြောင်း မလေးရှားနိုင်ငံဆိုင်ရာ သဘာဝတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။ လိပ်ဥများသည် မလေးရှားနိုင်ငံတစ်ဝန်း မည်သည့်နေရာ၌မဆို ဝယ်ယူရရှိနိုင်သော စားသောက်ကုန်များ ဖြစ်ကြသည်။

မလေးရှားနိုင်ငံသားများသည် လိပ်ဥများအား ခံတွင်းတွေ့ဖွယ် အစားအသောက်များအဖြစ်သာ စားသုံးကြခြင်းဖြစ်ပြီး သက်စောင့်ဓာတ်(ပရိုတိန်း)ရ၍လည်းကောင်း၊ ကာမဆန္ဒကို အားပေးစေသည့် အစားအသောက်ဖြစ်၍ သော်လည်းကောင်း စားသောက်ခြင်းမဟုတ်ကြောင်း သဘာဝတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့က ပြောကြားသည်။ **အင်တာနက်။**

ကန်တပ်ဖွဲ့များ ဆက်လက်ထားရှိရေး အီရတ်နိုင်ငံ၌ ဆွေးနွေး

ဘဂ္ဂဒက် ဩဂုတ် ၃

အီရတ်နိုင်ငံ၌ ၂၀၁၁ ခုနှစ်ကုန်ထက် ကျော်လွန်စွာ အမေရိကန်တပ်ဖွဲ့ဝင်အချို့ကို ဆက်လက်ထားရှိရေးကိစ္စနှင့် ပတ်သက်၍ ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီအနေဖြင့် အမေရိကန်နိုင်ငံနှင့် ဆွေးနွေးပွဲကျင်းပနိုင်ရန် အီရတ်နိုင်ငံရေးခေါင်းဆောင်များက သဘောတူညီလိုက်ကြောင်း အီရတ်တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၃ ရက်တွင် ပြောကြားသည်။

အီရတ်နိုင်ငံရေးခေါင်းဆောင်များသည် ဩဂုတ် ၂ရက်နေ့ညက တွေ့ဆုံဆွေးနွေးခဲ့ရာတွင် အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်အချို့ကို ဆက်လက်နေထိုင်ခွင့်ပြုရေးကိစ္စနှင့် ပတ်သက်၍ အမေရိကန်နှင့် ဆွေးနွေးညှိနှိုင်းသွားရန် အစိုးရအဖွဲ့ကို ခွင့်ပြုပေးလိုက်ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင် အချို့သည် အီရတ်လုံခြုံရေး တပ်ဖွဲ့များအား လေ့ကျင့်သင်တန်းပေးရန်အတွက်သာ ဆက်လက်နေထိုင်ခွင့်ရှိကြောင်း ဒုတိယဝန်ကြီးချုပ် ရိုနူရီရှာဗစ်က ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားသည်။

အီရတ်နိုင်ငံ၌ ယခုနှစ် နှစ်ကုန်နောက်ဆုံးထား၍ ပြည်ပတပ်ဖွဲ့များ အပြီးရုပ်သိမ်းရန် အချိန်ဇယားသတ်မှတ်ထားသည်။ အီရတ်၌ ကျန်ရစ်မည့် အရေအတွက် အနည်းငယ်မျှသော အမေရိကန်တပ်ဖွဲ့များသည် အီရတ်တပ်ဖွဲ့များအား လေ့ကျင့်သင်တန်းပေးရေး ရည်ရွယ်ချက်တစ်ခုတည်းအတွက်သာ နေထိုင်ခွင့်ပြုရန် အဆိုပါအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။

၂၀၀၈ခုနှစ်က အီရတ်နှင့် အမေရိကန်တို့ လက်မှတ်ရေးထိုးခဲ့သော သဘောတူညီချက်တစ်ရပ်အရ အီရတ်တပ်ဖွဲ့များအား အမေရိကန်စစ်ရေးနည်းပြများက လေ့ကျင့်ပေးရမည်ဖြစ်သည်။ **ဆင်ဟွာ။**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဩဂုတ် ၃

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၃ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၆၆၇၇ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၈၀၃၄၉ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၆၆၇၇ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၈၀၃၄၉ ဦး

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဩဂုတ် ၃

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဩဂုတ် ၃ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၄၁၅၁ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၁၈၁၃ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၄၁၅၁ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၈၁၃ ဦး

အင်တာနက်။

ရေနံဓာတုစက်ရုံသုံးရုံ အီရန် ထူထောင်မည်

တီဟီရန် ဩဂုတ် ၃

အီရန်နိုင်ငံ ရေနံလုပ်ငန်းဝန်ကြီးဌာနသည် မဝေးသော အနာဂတ်ကာလ၌ ရေနံဓာတုစက်ရုံသစ်သုံးရုံ ထူထောင်ရန် စီစဉ်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၃ ရက် တွင် ပြောကြားသည်။

အီမန်ခိုမေနီ၊ ရှာဇန်နှင့် အစ္စဖာဟန်အမည်ရှိ ရေနံချက်စက်ရုံများ၌ ရေနံဓာတုစက်ရုံသစ်များကို တည်ဆောက်မည်ဖြစ်ကြောင်း အီရန်ရေနံချက်လုပ်ငန်းနှင့် ဖြန့်ဖြူးရေးကုမ္ပဏီ၏ စီမံကိန်းညွှန်ကြားရေးမှူး ဂျာဖာရီက ပြောကြားသည်။

စက်ရုံသစ်များတည်ဆောက်ပြီးစီးသည့်အခါ ယင်းစက်ရုံများက ပရိုပိုင်လင်းဓာတုထုတ်ကုန်ကို ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အီရန်နိုင်ငံ၏ ရေနံဓာတုထုတ်ကုန်များ တင်ပို့ရောင်းချမှုသည် လာမည့်နှစ် မတ်လ ၁၉ရက်ထက် နောက်မကျဘဲ ဒေါ်လာ ၁၄ ဘီလီယံအထိ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ။**

(4-8)04.pmd 1 8/4/2011, 2:08 AM

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့များ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ Poly Mining Co., Ltd. Vice President Mr. Liu Jie နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး သတ္တုတူးဖော်ထုတ်လုပ်ရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့အခြေစိုက် China National Complete Plant Imp & Exp. Yunan Co., Ltd. (COMPLANT YUNAN) ဥက္ကဋ္ဌ Mr. Zhang Hui နှင့်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ယင်းတွေ့ဆုံပွဲများသို့ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့အခြေစိုက် China National Complete Plant Imp & Exp. Yunan Co., Ltd. (COMPLANT YUNAN) ဥက္ကဋ္ဌ Mr. Zhang Hui နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အား အစ္စရေးသံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr. Yaron Mayer သည် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr. Yaron Mayer လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

တက်ရောက်

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လွင်ဦးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်သန်းတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကမ်းရိုးတန်းဒေသများ မိုးပိုလာမည်

နေပြည်တော် ဩဂုတ် ၃

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၃	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၂	ကယားပြည်နယ်	၂၆	၂၀	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၃	ကရင်ပြည်နယ်	၂၈	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၄	ချင်းပြည်နယ်	၂၀	၁၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၀	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၆	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၇	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၉	မကွေးတိုင်းဒေသကြီး	၃၂	၂၇	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၇	၂၈	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၁	မွန်ပြည်နယ်	၃၁	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၀	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၁၃	ရခိုင်ပြည်နယ်	၃၀	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၂	၁၉	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၁	၂၀	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၇	၂၁	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၀	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၂	၂၆	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၀	၂၃	မိုးအသင့်အတင့်ထစ်ချုန်းရွာမည်	၁၀၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၇	၂၈	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၈၀%
ဘင်္ဂလားပင်လယ်အော်အခြေအနေ		ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။			
မြန်မာ့ပင်လယ်ပြင်အခြေအနေ		မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။			
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်		ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာမည်။			

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၇) ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲမှူး ကျော်စိုးနှင့်အဖွဲ့ ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် အထက(၃) ကျောင်းခန်းမဆောင်၌ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၂၀၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဆွေးနွေး ဟောပြောစဉ်။ (ကြေးမုံ)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းဆိုင်ကယ် ဘီးခွန် ကောက်ခံရရှိရေးအတွက် ဒုတိယဦးစီးမှူး(အခွန်)နှင့် ယာဉ်ထိန်းအဖွဲ့ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်း၍ ဇူလိုင် ၁၄ ရက်တွင် ဆိုင်ကယ်များကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မန်စီမြို့နယ်၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းပေါက်ကွဲမှုတစ်ခုဖြစ်ပွား သံဃာတစ်ပါးနှင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၃

မန်စီမြို့နယ်နမ့်ဟန်-စီအူရွာသွားကားလမ်း၌သောင်းကျန်းသူများထောင်ထားသည့် မိုင်းပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ သံဃာတစ်ပါးနှင့် အပြစ်မဲ့ပြည်သူတစ်ဦး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီခွဲခန့်တွင် မန်စီမြို့နယ် နမ့်ဟန်ရွာ ဘုန်းတော်ကြီးကျောင်းမှ သံဃာ ဦးအဂ္ဂဓမ္မ(ဘ) ဦးငြိမ်းနှင့် နမ့်ဟန်ရွာနေ ဦးအောင်မင်း(ဘ) ဦးလှမောင်တို့သည် နမ့်ဟန်ရွာမှ မဘိမ်းမြို့နယ် တုံကွာရွာသို့ ဆိုင်ကယ်ဖြင့် သွားရောက်စဉ် မန်စီမြို့နယ် စီအူရွာအနီး နမ့်ဟန်-စီအူရွာသွားကားလမ်း၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့ပြီး သံဃာဦးအဂ္ဂဓမ္မမှာ လက်၊ နားရွက်၊ ဝမ်းဗိုက်နှင့် ခြေထောက်တို့၌လည်းကောင်း၊ ဦးအောင်မင်းမှာ နံဘေး၊ ပေါင်နှင့် နားရွက်တို့၌လည်းကောင်း မိုင်းစထိမှန် ဒဏ်ရာ(မစိုးရိမ်ရ)များ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများအား မဘိမ်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သောင်းကျန်းသူများသည် ရပ်ရွာအေးချမ်းသာယာမှုကို ပျက်ပြားစေရန်၊ အပြစ်မဲ့ပြည်သူတို့ ထိတ်လန့်ချောက်ချားပြီး နေထိုင်မှုဘဝ မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်လျက် မိုင်းထောင်ခြင်း၊ မိုင်းခွဲဖျက်ဆီးခြင်းများကို မကြာခဏ ပြုလုပ်လျက်ရှိရာ ပြည်သူများအနေဖြင့် သောင်းကျန်းသူများ ပြုလုပ်လာနိုင်သည့် အဖျက်လုပ်ရပ်များကို သတိထား၍ သွားလာနေထိုင်ကြရန်နှင့် ထူးခြားမှုများရှိပါက သတင်းပေးပို့ ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားသည်။

(သတင်းစဉ်)

ဒီမိုကရေစီအစိုးရနဲ့ ပင်စင်စားတွေရဲ့ အပျော်မျက်လုံး အပြုံးမျက်နှာ

ဆရာသောင်း(ရမည်းသင်းဘဏ်-အငြိမ်းစား)

အင်း----- ပြောရမှာ ရှက်လည်းရှက်ပါရဲ့၊ မရှက်လည်း မရှက်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ အများတကာပြောပြောနေတဲ့ "ဒီမိုကရေစီ" ဆိုတာ ဘာမှန်းကို မသိခဲ့လို့ပါဘဲ။ ပွင့်ပွင့်လင်းလင်းပြောရရင် တကယ့်ကို နားမလည်ခဲ့တာကတော့အမှန်ပါ။

ဒါပေမယ့် အခုတော့ သိလိုက်ပါပြီ။

ဩော်-- အများပြည်သူတွေ ရွေးချယ်တင်မြှောက်လိုက်တဲ့ ဒီမိုကရေစီ အစိုးရဆိုတာ--- ဒါကို ခေါ်တာကိုးလို့ နားလည်သွားပါပြီ။

ပထမဆုံးအကြိမ် ပေါ်ပေါက်လာတဲ့ ဒီမိုကရေစီအစိုးရအဖွဲ့သစ်ကြီးရဲ့ သမ္မတကြီးမိန့်ခွန်းတွေထဲမှာ "အခြေအနေအချိန်အခါနဲ့ လိုက်လျောညီထွေရှိတဲ့ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေကို ချမှတ်ပြီး တိုင်းရင်းသားလုပ်သားပြည်သူအားလုံးရဲ့ ကောင်းကျိုးတွေကို ရရှိအောင် အစိုးရသစ်အနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်" လို့ ကတိစကား ဆိုခဲ့ပါတယ်။

နောက်ပြီး "လွှတ်တော်ကိုယ်စားလှယ်တွေရဲ့တင်ပြချက်အရ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာနဲ့ ပင်စင်လစာတွေကိုလည်း သင့်လျော်တဲ့ အချိန်ကာလမှာ တိုးမြှင့်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း" ထပ်လောင်းကတိပြုခဲ့ပါသေးတယ်။

ဒီလိုဒီလို မြွက်ကြားပြီးလို့မှ ရက်ပေါင်း ၁၀၀ မပြည့်ခင်မှာ တိုင်းရင်းသားပြည်သူအားလုံးရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေးကိစ္စအဝဝကို နေ့မအား ညမနား အားသွန်ခွန်စိုက် ဆောင်ရွက်နေတာကို မျက်ဝါးထင်ထင် မြင်တွေ့ရလေတော့ ဩော်--"မင်းမှာ သစ္စာ လူမှာကတိ" ဆိုတဲ့ စကားနဲ့ ကိုက်ညီပေသားပဲလို့ ဝမ်းသာကြရပါတယ်။

ခုတစ်ခါ "၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်နေ့မတိုင်မီက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများနဲ့ နိုင်ငံရေး အငြိမ်းစားများရဲ့ ပင်စင်ခံစားခွင့်ကို (လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ အငြိမ်းစားယူပါက ရရှိမည့် ပင်စင်ခံစားခွင့်အတိုင်း အငြိမ်းစားယူခဲ့တဲ့ နောက်ဆုံးရာထူး၊ ချိန်နှုန်းလစာနဲ့ ကိုက်ညီတဲ့ ပင်စင်နှုန်းများဖြင့်) ၂၀၁၁ ခုနှစ် ဇူလိုင်လ ပင်စင်လစာကစပြီး တိုးမြှင့်ခံစားခွင့်ပြုလိုက်ကြောင်း" ၂၀၁၁ ခုနှစ် ဇွန် ၃၀ ရက်မှာ ရေဒီယိုနဲ့ မြန်မာ့ရုပ်မြင်သံကြားကနေပြီး ကြေညာတာကို ကြားလိုက်ရတော့ ကိုယ့်နားကိုတောင် မယုံသလိုဖြစ်သွားပြီး ကိုယ့်အသားကိုတောင် ပြန်ဆိတ်ကြည့်မိပါသေးတယ်။ အိပ်မက်များ ဖြစ်နေသလားလို့ပေါ့။

ဘာဖြစ်လို့လဲဆိုတော့ ဒီလိုအခွင့်ထူးကြီးကို မျှော်လည်းမမျှော်လင့်ရဲသလို အိပ်မက်ထဲမှာတောင် ထည့်မမက်မိလို့ပါပဲ။

အရင်ခေတ်အဆက်ဆက်ကလည်း ခုလိုပဲ ပင်စင်လစာတွေ တိုးပေးခဲ့ဖူးပါတယ်။ အဲဒီလို တိုးပေးခဲ့တာကိုလည်း ဘယ်တော့မှ မမေ့ပါဘူး။ ကျေးဇူးလည်း မကန်းပါဘူး။ နည်းတယ်များတယ်လို့လည်း မအောက်မေ့ခဲ့ပါဘူး။

၁၉၅၆ ခုနှစ်ကစပြီး ဝန်ထမ်းပင်စင်သာမက မိသားစုပင်စင်ကိုပါ ခံစားခွင့်ပြုခဲ့တာကို ခုချိန်ထိ မမေ့နိုင်အောင်ပါဘဲ။

၁၉၇၃ ခုနှစ်ကျတော့ ပင်စင်ခံစားခွင့် လုပ်သက်နှစ်(၃၀)အစား (၄၂)နှစ်အထိ တိုးမြှင့်ပေးတဲ့အပြင် မိသားစုပင်စင်ကိုလည်း (၁၀) နှစ်ကနေပြီး (၁၅) နှစ်အထိ သက်တမ်းတိုးပေးခဲ့ပါသေးတယ်။

တစ်ခါ ၁၉၇၇ ခုနှစ်မှာ ယာယီရှားပါးစရိတ်ထည့်ပေးခဲ့သလို ၁၉၈၈ ခုနှစ်မှာတော့ အပိုထောက်ပံ့ကြေးဆိုပြီး ပေးခဲ့ပြန်တယ်။ နောက် ၁၉၈၉ ခုနှစ်ကျတော့ ယာယီဆောင်းငွေနဲ့ အပိုထောက်ပံ့ကြေးကို မူရင်းပင်စင်နဲ့ ပေါင်းပြီး ပင်စင်လစာအဖြစ် တိုးမြှင့်ပေးခဲ့သေးတယ်လေ။

အရင်တုန်းကသတ်မှတ်ခဲ့တဲ့ "ပင်စင်လစာ ကျပ် ၆၀၀ ထက်မပိုရ" ဆိုတာကို ဖျက်သိမ်းပြီး ၁၉၉၃ ခုနှစ်မှာ ပင်စင်လစာ ၂၅ ရာခိုင်နှုန်း တိုးမြှင့်ပေးခဲ့ပြန်ပါတယ်။

နောက်ပြီး ၁၉၉၄ ခုနှစ်ကျပြန်တော့ မိသားစုပင်စင်လစာကို ဝန်ထမ်းပင်စင်လစာရဲ့ ထက်ဝက်အစား လေးပုံသုံးပုံအထိ တိုးမြှင့်ပေးခဲ့တဲ့အပြင် ကျန်ရစ်သူ ဇနီး၊ ခင်ပွန်းတို့ရဲ့ ခံစားခွင့်ကို (၁၅)နှစ်အစား ပင်စင်စား ကွယ်လွန်တဲ့နေ့အထိ ခံစားခွင့်ပြုခဲ့သေးတယ် မဟုတ်လား။

အဲ-နောက်ဆုံး ၂၀၀၀ ပြည့်နှစ်မှာ ပင်စင်လစာတွေ နှစ်ဆအထိ တိုးမြှင့်ပေးခဲ့တယ်ဆိုတာကို ပင်စင်စားတိုင်း သိပြီးသားပါ။

အဲဒီတုန်းက ပင်စင်လစာတွေကို နည်းမျိုးစုံနဲ့အဆင့်ဆင့်တိုးပေးခဲ့ပေမယ့် စောစောက ပြောခဲ့သလို အလွန်ဆုံး နှစ်ဆဟာ အများဆုံးပါပဲ။ ကျေးဇူးမတင်လို့ ပြောတာမဟုတ်ဘူးနော်-နှိုင်းယှဉ်ပြတဲ့သဘောပါ။

ခုတစ်ခါ ပင်စင်တိုးလိုက်ပုံကတော့ အံ့မခန်းပါပဲဗျာ။ တကယ်ပါပဲ။

သေချာတွက်ကြည့်လေ။ ပင်စင်တွက်နည်းတွေ ရှိနေတယ်မဟုတ်လား။

၁၉၅၄ ခုနှစ်က စတင်တာဝန်ထမ်းဆောင်ခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဟာ ၁၉၈၉ ခုနှစ်မှာ လုပ်သက် (၃၅)နှစ်နဲ့ နောက်ဆုံးထုတ်လစာ ၅၀၀ ကျပ်ရနေတဲ့အချိန် ပင်စင်ယူခဲ့ပါတယ်။ မြန်မာနိုင်ငံ ပင်စင်နည်းဥပဒေအရဆိုရင် သူ့ရဲ့ပင်စင်လစာဟာ ၂၅၀ ကျပ်ပဲရပါတယ်။

အဲ-သူ့လိုရာထူးမျိုးဟာ ၂၀၁၀ ခုနှစ်မှာ ဝန်ထမ်းလစာ ၃၇၀၀၀ ကျပ်တောင် ရနေပြီလေ။

၁၉၈၉ ခုနှစ်က ဝန်ထမ်းလစာနှုန်း ၅၀၀ ကျပ်ရတဲ့ရာထူးဟာ ၂၀၁၀ ခုနှစ်မှာ လစာ ၃၇၀၀၀ ကျပ် ရတယ်ဆိုတော့ နှစ်ပေါင်း ၂၀ ကျော်ကျော်မှာ ၇၄ ဆ တိုးလာတဲ့သဘောပဲပေါ့။

၂၀၁၁ ခုနှစ် ဇွန်လ ၃၀ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ အမိန့်အရ အငြိမ်းစားယူခဲ့တဲ့ နောက်ဆုံးရာထူး ချိန်နှုန်းလစာနဲ့ကိုက်ညီတဲ့ ပင်စင်နှုန်းထားအတိုင်းရမှာဆိုတော့ အတိုင်းမသိအောင် ပျော်နေခဲ့ကြပါတယ်။ အခုတော့ ပျော်နေရရုံတင်မကဘဲ လက်တွေ့အကျိုးခံစားခွင့်ကိုပါ ရရှိကြပါပြီ။။ အရင်က ပင်စင်လစာ ၂၅၀ ပဲ ရခဲ့တဲ့သူဟာ အခုပင်စင်လစာ ၁၈၀၀၀ ကျော်ကို လက်ဝယ်ပိုင်ပိုင် ထုတ်ယူရရှိခဲ့ပါပြီ။ ပင်စင်လစာ ထုတ်တဲ့နေ့က ပင်စင်စားကြီးတွေကို မြင်ရသမျှလူတွေဟာ မျက်ရည်ဝဲကျရတဲ့အထိ ဝမ်းမြောက်ဝမ်းသာ ခံစားခဲ့ကြရပါတယ်။ ကာယကံရှင် ပင်စင်စားတွေအနေနဲ့ ဘယ်လောက်အထိတောင် ဝမ်းသာပီတိဖြစ်ကြမလဲ ဆိုတာကိုတော့ စာနဲ့တောင်ရေးဖွဲ့တင်ပြဖို့ စာသားရှာမတွေ့နိုင်အောင်ပါပဲ။

နဂိုကပင်စင်လစာ ၂၅၀ ကျပ်ရတဲ့သူဟာ အခုပင်စင် ၁၈၅၀၀ ကျပ် ရတာဆိုတော့ အဆပေါင်း မြောက်မြားစွာတိုးပြီးရလာတာကို တွေ့ရပါတယ်။

အင်းလေ-- အရင်ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်ကလည်း ပင်စင်လစာတွေတိုးပေးခဲ့တာပါပဲ။ ဒါပေမယ့် အခုအစိုးရသစ် တိုးပေးလိုက်ပုံကတော့ ပြောမဆုံးပေါင် တောသုံးထောင်လို့တောင် ပြောရမလိုဖြစ်နေပြီဗျို့။

ဒီလောက်ကြီးမားတဲ့ကျေးဇူးတရားကို သိကြဖို့တော့ လိုတယ်ဗျ။

ကျွန်တော်ကြားဖူးသလိုပြောရရင်တော့ လူတွေဟာ "ကျေးဇူး" လို့သိခဲတယ်တဲ့။ သိရင်တောင်မှ ကျေးဇူး လို့ပြောခဲတယ်တဲ့။ အဲ-ကျေးဇူးလို့ပြောရုံသာ ပြောပြီး ဆပ်ခဲတယ်တဲ့လေ။

ဒါပေမယ့် ကျေးဇူးသိတတ်လွန်းတဲ့သူတစ်ယောက်ရှိခဲ့ဖူးတယ်ဆိုပဲ။

ဟိုး---- ရှေးရှေးတုန်းကတဲ့။ ထင်းခွေသမားနှစ်ယောက်ရှိပါတယ်။ သူတို့နှစ်ယောက်ဟာ တောထဲကို အမြဲအတူသွားပြီး ထင်းခွေရောင်းစားကြသတဲ့လေ။

အဲဒီလိုနဲ့ တစ်နေ့မှာ နန်းတွင်းကို ဝင်ခိုးတဲ့သူခိုးတစ်ယောက်နဲ့ လိုက်ဖမ်းကြတဲ့ရဲမက်တွေဟာ သူတို့နှစ်ယောက်အနားရောက်လာကြသတဲ့။ သူခိုးလည်း မလွတ်မှန်းသိတာနဲ့ ခိုးလာတဲ့ အထုပ်ကို ထင်းခွေသမားတစ်ယောက်ရဲ့ ရှေ့တည့်တည့်ပစ်ချပြီး လွတ်ရာကို ထွက်ပြေးသွားတယ်တဲ့လေ။ အဲဒါနဲ့ နောက်ကရောက်လာတဲ့ ရဲမက်တွေက ခိုးထုပ်ခိုးထည်နဲ့ အတူတွေ့တဲ့လူကိုပဲ သူခိုးအဖြစ်နဲ့ ဖမ်းကြသတဲ့ဗျာ။

အဲဒီအခါမှာ ကျန်တဲ့ထင်းခွေသမားတစ်ယောက်က သူ့ကိုပါဖမ်းပါလို့ ပြောတာနဲ့ နှစ်ယောက်စလုံး ဖမ်းသွားတာပေါ့။

ဒီလိုနဲ့ ဘုရင်ကြီးဆီရောက်သွားပြီး အကြောင်းအကျိုးလျှောက်တင်ကြတဲ့အခါ ဘုရင်ကြီးလည်း ထင်းခွေသမားနှစ်ယောက်ကို စစ်မေးတော့တာပေါ့။ အဲဒီအခါမှာ တစ်ယောက်က ဒီလိုလျှောက်ထားလိုက်တယ်။

"မှန်လှပါအရှင်မင်းကြီး ဘုရားကျွန်တော်မျိုး မှန်ရာကို သံတော်ဦးတင်ပါမယ်ဘုရား။ ကျွန်တော်မျိုးတို့ နှစ်ယောက်ဟာ တောထဲကို အမြဲအတူသွားပြီး ထင်းခွေရောင်းစားကြပါတယ်ဘုရား။ နေ့စဉ်ထမင်းစားတဲ့အခါတိုင်း ကျွန်တော်မျိုးမှာ ဆင်းရဲလွန်းလို့ ဟင်းတောင်မပါခဲ့ပါဘူးဘုရား။ ဒါကြောင့်မို့ ဟင်းပါတဲ့ ကျွန်တော့်အဖော်ရဲ့လေအောက်ကနေပြီး သူရဲ့ ဟင်းနံ့လေးကိုခံပြီး ထမင်းမြိန်အောင်စားရပါတယ် ဘုရား။ အဲဒီကျေးဇူးတွေကို တစ်နေ့နေ့ပြန်ဆပ်နိုင်ပါစေလို့ အမြဲဆုတောင်းနေခဲ့ပါတယ်။ ဒီနေ့မှာ လူတစ်ယောက်ဟာ ပြေးလွှားရင်းက အထုပ်တစ်ထုပ်ကို ကျွန်တော်မျိုးရဲ့ အဖော်ရှေ့တည့်တည့်ပစ်ချပြီး ထွက်ပြေးပါတယ် ဘုရား။ နောက်က လိုက်လာကြတဲ့ ရဲမက်တွေဟာ ခိုးထုပ်ခိုးထည်နဲ့အတူတွေ့တယ်ဆိုပြီး သူ့ကိုဖမ်းကြပါတယ်။

အဲဒါနဲ့ ဘယ်လိုမှရှင်းပြလို့မရတဲ့အဆုံးမှာ ကျွန်တော်မျိုးရဲ့ ကျေးဇူးရှင်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ သေတူရှင်မကွာ အဖမ်းခံမယ်လို့ ဆုံးဖြတ်လိုက်တာပါပဲ အရှင်ဘုရား။ ဘုရားကျွန်တော်မျိုးတို့ မခိုးခဲ့ရိုးအမှန်ဖြစ်တဲ့အတွက် အရှင်မင်းကြီးထားရင်လည်းနေ၊ သတ်ရင်လည်းသေရမှာပါ အရှင်ဘုရား"လို့ ရဲဝံ့စွာလျှောက်တင်လိုက်တယ်တဲ့။

အဲဒီအခါမှာ ဘုရင်ကြီးလည်း "ဩော်-ဟင်းနံ့လေးခံပြီး ထမင်းစားမြိန်ရုံလေးနဲ့တောင် ဒီလောက်ကျေးဇူး သိတတ်တဲ့သူကို ငါ့နန်းတော်မှာ အမှုတော်ထမ်းခိုင်းရရင်ကောင်းလေစွ"ဆိုပြီး သူတို့နှစ်ယောက်လုံးကို မြှောက်စားလိုက်သတဲ့ဗျာ။

ဒီတော့ ဟင်းနံ့လေးခံပြီး ထမင်းစားမြိန်ရုံလေးနဲ့တောင် ဒီလောက်ကျေးဇူးသိတယ်ဆိုရင် ပင်စင်စားတွေကို လစာတွေအဆမတန်တိုးပေးတဲ့ ကျေးဇူးဟာ အလွန့်အလွန်ကြီးမားတယ်လို့ မဆိုနိုင်ပေဘူးလား။

ဒီကျေးဇူးတရားတွေကို သိလည်းသိသင့်တယ်၊ ပြောလည်းပြောသင့်တယ်၊ နောက်ပြီး ဆပ်လည်း ဆပ်သင့်ပါတယ်။

ဒါကြောင့်မို့ ဒီမိုကရေစီအစိုးရသစ်ရဲ့ ကြီးမားတဲ့မေတ္တာစေတနာတွေနဲ့ ကြီးမားတဲ့ကျေးဇူးတရားတွေကို ပြန်ဆပ်တဲ့အနေနဲ့ နိုင်ငံတော်အပေါ်မှာ သစ္စာရှိရှိနေထိုင်ပြီး လွတ်လပ်ရေးကို အဓွန့်ရှည်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါစို့လို့ အဓိဋ္ဌာန်ပြုလိုက်ပါတယ်။

ဩော်- အများပြည်သူတွေ ရွေးချယ်တင်မြှောက်လိုက်တဲ့ ဒီမိုကရေစီအစိုးရဆိုတာ တိုင်းရင်းသားပြည်သူအားလုံးရဲ့ အကျိုးစီးပွားကို အစွမ်းကုန်ဆောင်ရွက်ပေးတဲ့ အစိုးရပါလားလို့ ကောင်းကောင်းကြီး သိလိုက်ပါပြီ။ တကယ်ပဲ သိသွားပါပြီ။ ဒါ့အပြင် ပင်စင်လစာနှုန်းသစ်နဲ့ လစာထုတ်တဲ့နေ့က ဘဏ်ရှေ့မှာ "အစိုးရသစ်ကို အတိုးချချစ်လိုက်ပြီဟေ့" ဆိုပြီး ပင်စင်စားတွေရဲ့ အပျော်မျက်လုံး အပြုံးမျက်နှာတွေနဲ့ ပြောနေကြတာကို ထပ်ကာထပ်ကာ မြင်ယောင်မိရင်း ပီတိဖြစ်ရင်း ပီတိဖြစ်မိပါကြောင်း--------။

တောင်ငူမြို့နယ်အသင်း စုပေါင်းလှူဒါန်းပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်မည်

တောင်ငူ ဩဂုတ် ၃

တောင်ငူမြို့နယ်အသင်း (ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ပြည်ပမှ ပါရဂူဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၀ ရက် (တနင်္ဂနွေနေ့) တွင် ဗဟန်းမြို့နယ် ကြားတောရလမ်း မင်္ဂလာဈေးခမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၏ သားသမီးများသည် အထောက်အထားများနှင့်တကွ ဥက္ကဋ္ဌ ဦးထွန်းထွန်း ဖုန်း-၃၇၅၃၈၄၊ တွဲဖက်အတွင်းရေးမှူး ဦးတင်လှ ဖုန်း-၇၂၂၇၈၅နှင့် ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်စန်း ဖုန်း-၅၁၉၅၀၉ သို့ ဩဂုတ် ၇ ရက် နောက်ဆုံးထားပြီး ပေးပို့ပါရန်နှင့် မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သမိုင်းမြို့မကျောင်း စန္ဒိမာဆု ချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၃

ဆရာတော် ဦးစန္ဒိမာထူထောင်ခဲ့သော သမိုင်းမြို့မကျောင်း ယခုအထက(၁)နှင့် အမက(၂) မရမ်းကုန်း ကျောင်းများမှ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသားဟောင်းကြီးများက စန္ဒိမာဆုအဖြစ် နှစ်စဉ် ဂုဏ်ပြုချီးမြှင့်ခဲ့ရာ ယခု(၂၂)ကြိမ်မြောက် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမက(၂) မရမ်းကုန်းဆရာကျော်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသူများသည် ဒေါ်ခင်မြင့် ဖုန်း-၆၆၄၀၅၃၊ ဦးမြတ်ထွန်း ဖုန်း-၆၆၂၀၁၅၊ ဦးကျင်စိုး ဖုန်း-၀၉-၇၃၀၁၂၈၂၉၊ ဒေါ်ခင်မြ ဖုန်း-၀၉-၇၃၁၂၇၁၁၁၊ ဦးမောင်မောင်သိန်း ဖုန်း-၀၉-၅၁၃၁၆၀၈၊ ဒေါ်အေးအေးလှိုင် ဖုန်း-၀၁ ၅၂၂၄၈၈ နှင့် ဆရာဦးမြင့်ဝေ ဖုန်း-၀၉-၈၆၂၅၉၉၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် စိုင်ဒူးကျေးရွာအနီး ဂန့်ဂေါ-ဟားခါး ကားလမ်းပတ်ဝန်းကျင်၌ ကျင်းပရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ စုစုပေါင်းအင်အား ၄၀၀ ကျော်တို့ စုပေါင်းစိုက်ပျိုးကြစဉ်။

(၄၆၅)

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထန်းတပင်မြို့နယ် သီရိရတနာရပ်ကွက် ကမ်းနားလမ်း တိုးချဲ့ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၂၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပြည်သူ့အကျိုးပြု ကျန်းမာရေးလုပ်ငန်းဆောင်ရွက်

ကောလင်း ဩဂုတ် ၃

ကောလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ပြည်သူ့အကျိုးပြု ကျန်းမာရေးလုပ်ငန်း ဖုံး၊ သွန်၊ လဲ၊ စစ် စုပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းကို ဇူလိုင် ၃ ရက် ညနေပိုင်းက ကောလင်းမြို့နယ် တဲကြီးကုန်းကျေးရွာ၌ ဆောင်ရွက်ကြသည်။

အဆိုပါအဖွဲ့တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမိုးနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူအင်အား ၁၅၀ ကျော်တို့က ကျေးရွာအတွင်း ရေမြောင်းတူးဖော်ခြင်း၊ ရေစီးရေလာကောင်းရန် ဆောင်ရွက်ခြင်း၊ ရှံ့ညွန် အမှိုက်သရိုက်ဆယ်ယူခြင်း၊ ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြောင်း သိရသည်။ (၂၁၄)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား အိန္ဒိယနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ မြန်မာ-အိန္ဒိယ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၃

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ မိုဘိုင်းဆက်သွယ်မှု ကဏ္ဍတွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ မန္တလေး-ကလေး-တမူးဆက်သွယ်ရေး ဆက်ကြောင်းအဆင့်မြှင့်တင်ရေး၊ အိုင်တီကဏ္ဍတွင် နှစ်နိုင်ငံကုမ္ပဏီများ ပူးပေါင်း လုပ်ကိုင်နိုင်သည့် နယ်ပယ်ရှာဖွေလုပ်ကိုင်ရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးတင့်လွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

(သတင်းစဉ်)



ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း ဒုတိယဝန်ကြီး ဦးမြင့်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာရှိ ကွန်းချောင်းပေါ်တွင် အမှတ်(၃) တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး ရေလျှံထိန်းစည်နှင့် ဖိအားမြင့် သံမဏိပိုက်လိုင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ပင်မတမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေပိုလွှဲလုပ်ငန်း၊ ရေလွှဲရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်၊ ရေယူ အဆောက်အအုံလုပ်ငန်း၊ ဖိအားနိမ့် သံမဏိပိုက်လိုင်း တပ်ဆင်ပြီးစီးမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဓာတ်အားပေးစက်ရုံအတွင်း စက်အမှတ်(၁)(၂)(၃) စက်တပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဓာတ်အားထိန်းချုပ်ခန်း တပ်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်း လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

အဆိုပါ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက စက်တစ်လုံးလျှင် မဂ္ဂါဝပ် ၂၀ ရှိ စက်သုံးလုံးဖြင့် စုစုပေါင်းတပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀ မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၉၀ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

(သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တစ်ကမ္ဘာလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲကြီး ကျင်းပမည်

ရန်ကုန် ဩဂုတ် ၃

United Nations Development Programme (UNDP) နှင့် Xinhua News Agency တို့ ပူးပေါင်းကျင်းပသည့် "ဆင်းရဲမွဲတေမှုပပျောက်ရေးအား အလေးထားဆောင်ရွက်ခြင်း" ခေါင်းစဉ်ဖြင့် တစ်ကမ္ဘာလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲကြီးကို ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲခေါင်းစဉ်နှင့် သက်ဆိုင်သည့် ဓာတ်ပုံများကို မိမိတို့၏စိတ်ကူးဖြင့် လွတ်လပ်စွာ ရိုက်ကူးယှဉ်ပြိုင်နိုင်ရာ ပညာရှင်အဆင့်ပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့် ပြိုင်ပွဲတို့တွင် တစ်ပုံချင်းပြိုင်ပွဲနှင့် Series လိုက် ဓာတ်ပုံပြိုင်ပွဲ (Photo Essay) တို့ ယှဉ်ပြိုင်နိုင်ပြီး ဓာတ်ပုံပညာဆိုင်ရာပြိုင်ပွဲတွင် ဓာတ်ပုံပညာရှင်၏ စိတ်ကူးဖြင့် ဖန်တီးရိုက်ကူးထားသော ပုံတို့ဖြင့် ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲတစ်ခုချင်းစီအတွက် ပထမဆု အမေရိကန်ဒေါ်လာ ၅၀၀၀ တစ်ဆု၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၂၀၀၀ နှစ်ဆု၊ တတိယဆု အမေရိကန်ဒေါ်လာ ၁၀၀၀ သုံးဆုနှင့် နှစ်သိမ့်ဆုအဖြစ် လက်ဆောင်ပစ္စည်းများ ၁၀ ဆုတို့ကို ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများသည် ဓာတ်ပုံပညာဖြင့် ပြုပြင်ထားသော ပုံများ လုံးဝမဖြစ်ရ၊ ပြိုင်ပွဲဝင်ဓာတ်ပုံ၏ အောက်တွင် ဓာတ်ပုံ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို အင်္ဂလိပ်စာဖြင့် ရှင်းလင်းစွာ ရေးသားဖော်ပြရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဩဂုတ်လကုန်မတိုင်မီ ကိုယ်တိုင်သော်လည်းကောင်း၊ တစ်ဆင့်သော် လည်းကောင်း ပြိုင်ပွဲကျင်းပရေးသို့ ပေးပို့ရမည်ဖြစ်သည်။

စိတ်ဝင်စားသည့် ဌာန (သို့မဟုတ်) ပုဂ္ဂိုလ်များသည် ပြိုင်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက Xinhua Yangon Office ဒေါ်လင်းလင်းမြတ် ဖုန်း- ၀၉-၅၀၈၂၆၉၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀ ၂။ နံနက်ခင်းသတင်း
၇း၂၀ ၃။ FIFA U-20 WORLD CUP 2011 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဩစတြေးလျအသင်းနှင့် ကော်စတာရီကာအသင်း)
၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀ ၁။ Myanmar National League MNL Grand Royal CUP 2011 ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (Yangon United အသင်းနှင့် Nay Pyi Taw အသင်း)
၅း၀၀ ၂။ တေးဂီတအစီအစဉ်
၅း၁၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၂၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅း၃၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၄၀ ၆။ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၁၅ ၈။ မိုးလေဝသအခြေအနေ
၆း၂၀ ၉။ **ပျော်ရွှင်စေသော နေ့ရက်များ "အချစ်ကော်ဖီ" (အပိုင်း-၆၁)**
၆း၃၅ ၁၀။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြုံကြုံဖန်ဖန်အမွေဆိုင်" (အပိုင်း-၁၅)**
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **"အစာလည်းဆေး၊ ဆေးလည်းအစာ"**
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး" (အပိုင်း-၁၉)**
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၈၂)**
၁၈။ အစီအစဉ်ပြီး၏။

နိုင်ငံတကာသယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေး ဦးစီးဌာန၏ စီမံခန့်ခွဲမှု၊ UNESCAP ၏ ပံ့ပိုးမှု၊ မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်နှင့် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးနှင့် ကုန်သန်းရောင်းဝယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် Freight Forwarding Industry စွမ်းဆောင်ရည် တိုးမြှင့်လာနိုင်ရေးတို့အတွက် "Foundation Course On International Transport and Logistics UNESCAP-FITL(3/2011)" နှင့် Training of Trainers သင်တန်းများကို ဩဂုတ် ၃၀ ရက်နှင့် စက်တင်ဘာ ၁ ရက်၊ ၂ ရက်၊ ၃ ရက်များတွင် ဖွင့်လှစ်မည်ဖြစ်သည်။ ထို့အပြင် Int'l Maritime Dangerous Goods (IMDG) နှင့် ပတ်သက်၍ ဆွေးနွေးပွဲတစ်ရပ် ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ သင်တန်းဆွေးနွေးပွဲနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက MIFFA အသင်းရုံးတည်ရှိရာ UMFCCI Office Tower အခန်းအမှတ်(၃) ၄-လွှာ ဖုန်း- ၂၁၄၈၄၇ သို့ လည်းကောင်း၊ Logistics Training Center အမှတ်(၃၅/၈၇) အောက်ကြည့်မြင်တိုင်လမ်း အလုံမြို့နယ် (ယခင်စာရင်းစစ်ချုပ်ရုံး) အဆောက် (C)ပထမထပ် ဖုန်း-၂၃၀၀၂၃၆၊ ၀၉-၈၀၂၃၉၄၉ သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်သည်။

(ကြေးမုံ)

နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း

Wish List ဇာတ်ကားတွင် မင်းသမီး ရိစ်ဝစ်သာစပွန်း ပါဝင်သရုပ်ဆောင်မည်

နာမည်ကျော် ဟောလိဝုဒ်မင်းသမီး ရိစ်ဝစ်သာစပွန်းက Wish List ဟာသဇာတ်ကားတွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၂ ရက် သတင်းများတွင် ဖော်ပြသည်။

အော်စကာဆုရ မင်းသမီး ရိစ်ဝစ်သာစပွန်းသည် ယခင်ကလည်း အချစ်ဟာသဇာတ်ကားများဖြစ်သည့် Legally Blonde ဇာတ်ကား၊ Sweet Home Alabama ဇာတ်ကားနှင့် How Do You Know ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ယခုတစ်ဖန် Wish List ဟာသဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ယင်းဇာတ်ကားကို စာရေးဆရာ ရန်ဒီမေရန်ဆင်ဂါက ဇာတ်ညွှန်းရေးသားပြီး မက်ခ်စီယာဒီနှင့် ဂေါ်ဒွန်ဂရေး တို့က ထုတ်လုပ်သွားမည်ဖြစ်သည်။ ဤဇာတ်ကားကို မူလက မင်းသားဦးစားပေး ဇာတ်ကားအဖြစ် ရိုက်ကူးရန် ရည်ရွယ်ထားသော်လည်း ယခုအခါ မင်းသမီး ရိစ်ဝစ်သာစပွန်းက ဇာတ်ဆောင်မင်းသမီးအဖြစ် သရုပ်ဆောင်မည်ဖြစ်၍ ဇာတ်ညွှန်းကို ပြန်လည်ရေးသားခဲ့ရသည်ဟု ဆိုသည်။

အသက်(၃၅)နှစ်ရှိ မင်းသမီးရိစ်ဝစ်သာစပွန်းနှင့် မင်းသားရောဘတ်ပတ်တင်ဆန်တို့ တွဲဖက်သရုပ်ဆောင်ခဲ့သည့် Water for Elephants ဇာတ်ကား မကြာသေးမီက ရုံတင်ပြသခဲ့ပြီး သူမပါဝင်သရုပ်ဆောင်ခဲ့သည့် This Means War ဇာတ်ကားသည်လည်း မကြာမီ ရုံတင်ပြသမည်ဖြစ်သည်။ ***အင်တာနက်။***

နာမည်ကျော် ဟောလိဝုဒ်မင်းသမီး ရိစ်ဝစ်သာစပွန်း။

ဟောလိဝုဒ်၏ ဝင်ငွေအကောင်းဆုံးမင်းသား ငါးယောက်

ဖောဘီစ်ဝက်ဘ်ဆိုက်က ဩဂုတ် ၁ ရက်တွင် ဟောလိဝုဒ်ရုပ်ရှင်လောက၏ ဝင်ငွေအကောင်းဆုံးမင်းသားငါးဦး၏ အမည်စာရင်းကို ရွေးချယ်စာရင်းပြုစုခဲ့ရာ တိုက်တန်းနစ်မင်းသား လီယိုနာဒိုနှင့် ဂျွန်နီဒက်ပ်တို့က ထိပ်ဆုံးမှ ရပ်တည်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဖောဘီစ်ဝက်ဘ်ဆိုက်က ဟောလိဝုဒ်မင်းသား၊ မင်းသမီးများ၏ ဝင်ငွေကို နှစ်စဉ်ရွေးချယ်စာရင်းပြုစုလေ့ရှိရာ ၂၀၁၀ ခုနှစ် မေလမှ ၂၀၁၁ ခုနှစ် မေလအတွင်း ဟောလိဝုဒ်မင်းသားများ၏ ဝင်ငွေကို ခန့်မှန်းဖော်ပြရာတွင် မင်းသားလီယိုနာဒိုက အမေရိကန်ဒေါ်လာ ၇၇ သန်းဖြင့် နံပါတ်တစ်နေရာတွင် ရပ်တည်ခဲ့သည်။ လီယိုနာဒို၏ အဆိုပါကာလအတွင်း ရုံတင်ပြသခဲ့သော ဇာတ်ကားများမှာ စိတ်ပညာနှင့်ဆိုင်သော ရုပ်ရှင်ဇာတ်ကား Shutter Island နှင့် စိတ်ကူးယဉ်သိပ္ပံအက်ရှင်ဇာတ်ကား Inception တို့ဖြစ်သည်။ Inception ဇာတ်ကားမှာ နာမည်ကျော် လူကြိုက်များခဲ့ပြီး အကယ်ဒမီဆု ရှစ်ဆု အမည်စာရင်း တင်သွင်းခံခဲ့ရသည်။

လီယိုနာဒို၏နောက် ဒုတိယနေရာတွင် Pirates of the Caribbean: On Stranger Tides ဇာတ်ကားမှ မင်းသားဂျွန်နီဒက်ပ်က အမေရိကန်ဒေါ်လာ သန်း ၅၀ ဖြင့် လည်းကောင်း၊ တတိယနေရာတွင် မင်းသားအဒမ်ဆန်ဒလာက အမေရိကန်ဒေါ်လာ သန်း ၄၀ ဖြင့် လည်းကောင်း ရပ်တည်လျက်ရှိသည်။

စတုတ္ထနေရာတွင် မင်းသားဝဲလ်စမစ်က အမေရိကန်ဒေါ်လာ ၃၆ သန်းနှင့် ပဉ္စမနေရာတွင် မင်းသားတွမ်ဟန့်ခ်က အမေရိကန်ဒေါ်လာ ၃၅ သန်းဖြင့် အသီးသီးရပ်တည်လျက်ရှိသည်။

အင်တာနက်။

အောဝမ်းစိုး

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား အီလက်ထရွန်နစ်နည်းပညာ ဖွံ့ဖြိုးရေးနှင့် ထုတ်လုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၃

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Electronics Technology Group Corporation (CETC) President Mr. Yan Lijin နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာ့စက်မှု ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား အီလက်ထရွန်နစ် နည်းပညာ ဖွံ့ဖြိုးရေးနှင့် ထုတ်လုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆရာ၊ ဆရာမများ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၃

အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆရာ၊ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ဟူ၍ အဆင့်လေးဆင့်ခွဲ၍ ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် အငြိမ်းစား ဆရာ၊ ဆရာမများသည် အဆင့်မြင့်ပညာအဆင့်တွင် လည်းကောင်း၊ မြို့နယ်ပညာရေးမှူးနှင့် အထက်အဆင့်ရှိ အရာထမ်းများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြများနှင့် အငြိမ်းစားဆရာ၊ ဆရာမများသည် သက်ဆိုင်ရာ အခြေခံပညာအဆင့်တွင်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ဆောင်းပါးခေါင်းစဉ်မှာ "ပညာရည်မြင့်မားရေး ဆရာများက ဝိုင်းဝန်းကြိုးပမ်းပေး" ဖြစ်ပြီး စာလုံးရေ ၃၀၀၀ မှ ၄၀၀၀ အတွင်း စာမျက်နှာတစ်ဖက်တည်းတွင်သာ ရေးသားရန်၊ စာမျက်နှာတပ်၍ စာမူနောက်ကျောတွင် ရေးသူ အမည်၊ ပညာအရည်အချင်း၊ ရာထူးနှင့်ကျောင်း၊ အိမ်လိပ်စာတို့ကို ဖော်ပြရန်ဖြစ်သည်။ စာမူနှစ်စောင်နှင့်အတူ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ (တစ်လက်မခွဲ၊ နှစ်လက်မ) သုံးပုံတို့ကို စာအိတ်တွင် လုံခြုံစွာထည့်သွင်းပြီး ဒေါ်တင်တင်ရှု ဒုတိယညွှန်ကြားရေးမှူး၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (သင်ရိုးဌာနခွဲ) အမှတ်(၁၂၃) နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

မုတ္တမပင်လယ်ကွေ့သည် ဆောင်းခိုငှက်များအတွက် အလွန်အရေးပါသည့် ဒေသတစ်ခုဖြစ်ပြီး ယင်းဒေသတွင် ငှက်ကောင်ရေ နှစ်သိန်း၊ နှစ်သိန်းခွဲအထိ နေထိုင်ကျက်စားကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝစွာတည်ရှိသည့်နေရာဖြစ်ပြီး သဘာဝမျိုးစိတ်ထိန်းသိမ်းသည့် နေရာတစ်ခုအဖြစ်လည်း မလွဲမသွေ လုပ်ဆောင်ရမည့်နေရာလည်းဖြစ်ကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း (BANCA)မှ ဥက္ကဋ္ဌ ဒေါက်တာထင်လှ က ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံသည် တောင်ပေါ်ရေတိမ်ဒေသ၊ ကုန်းတွင်းရေတိမ်ဒေသ အမျိုးမျိုး၊ ကမ်းရိုးတန်းရေတိမ်ဒေသများ ပိုင်ဆိုင်ထားပြီး ပဲခူးတိုင်းဒေသကြီးရှိ မိုးယွန်းကြီးအင်းသည် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ရမ်ဆာဒေသဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံက ရမ်ဆာကွန်ဗင်းရှင်းမှာ ပါဝင်သလို မိုးယွန်းကြီးအင်းဒေသကလည်း ရမ်ဆာဒေသအဖြစ် သတ်မှတ်ထားတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ လောလောဆယ်တစ်ခုပဲရှိတယ် ဆိုပေမယ့် ရမ်ဆာဒေသအဖြစ် လက္ခဏာစုံညီတဲ့နေရာတွေ မြန်မာနိုင်ငံမှာ အများကြီးရှိပါတယ်" ဟု Birdlife International မှ Mr.Simba Chan က ပြောသည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်နေ့က ထွက်ရှိလာသည့် ရမ်ဆာကွန်ဗင်းရှင်း၏ ထုတ်ပြန်ချက်အရ ရမ်ဆာကွန်ဗင်းရှင်းတွင် ပါဝင်သည့် နိုင်ငံပေါင်း ၁၆၀ ရှိကြောင်း၊ ယင်းနိုင်ငံများထဲတွင် မြန်မာနိုင်ငံသည်လည်း အပါအဝင်ဖြစ်ပြီး ရမ်ဆာဒေသအဖြစ် သတ်မှတ်ထားသည့်ဒေသ ကမ္ဘာပေါ်တွင် ၁၉၁၂ ခုရှိပြီး ယင်းဆိုဒ်အားလုံး၏ အကျယ်အဝန်းသည် ဟက်တာ ၁၈၆ သန်းကျော်ရှိကြောင်း၊ ရမ်ဆာဒေသအဖြစ် သတ်မှတ်နိုင်ရန်အတွက် ရမ်ဆာကွန်ဗင်းရှင်းမှ ထုတ်ပြန်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီရန်လိုကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာရှိတဲ့ အချို့ရေအိုင်တွေမှာဆိုရင် ဘယ်နိုင်ငံမှာမှ မရှိတဲ့ ငါးမျိုးစိတ်တွေရှိပါတယ်။ အဲဒီနေရာမျိုးဟာ ကောင်းမွန်တဲ့ ရမ်ဆာဒေသဖြစ်ပါတယ်။ အဲဒါကို ဂရုစိုက်ထိန်းသိမ်းဖို့ လိုပါတယ်"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင် ကောင်းများစွာ တည်ရှိသည့်နိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်ရှိ အခြားသော နိုင်ငံများ၌ မတွေ့ရှိနိုင်သည့် ဇီဝမျိုးစုံမျိုးကွဲများကိုလည်း တွေ့ရှိနိုင်ကြောင်း၊ ထို့အပြင် အာရှဒေသဝန်းကျင်ရှိ ရေတိမ်ဒေသများ ကာကွယ်ထိန်းသိမ်းရာတွင်လည်း အရေးပါအရာရောက်သည့် အခန်းကဏ္ဍမှ ပါဝင်နေသည့် နိုင်ငံလည်းဖြစ်ကြောင်း သိရသည်။ ။

တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြု

ရမည်းသင်း ဩဂုတ် ၃

ရမည်းသင်းမြို့နယ် အထက (၁) ၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများ၊ အတန်းလိုက်ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၉နာရီက ယင်းကျောင်းရှိ အနော်ရထာခန်းမ၌ ကျင်းပရာ ရမည်းသင်းမြို့နယ်မှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၃၅ ဦးတို့အား ဆုများ အသီးသီးချီးမြှင့်သည်။

အဆိုပါ ဂုဏ်ပြုပွဲကို ဦးသန်းထွန်း (လူမှုထူးချွန်ပထမဆင့်) မန္တလေးမြို့က မတည်ထားသော ပညာရည်ချွန်ဆုနှင့် ယဉ်ကျေးလိမ္မာသင်တန်း ငွေပဒေသာပင်မှ စတုတ္ထအကြိမ် ဆုများ ချီးမြှင့်ခြင်းဖြစ်ပြီး ငွေပဒေသာပင်စိုက်ထူလိုသော ရပ်နီးရပ်ဝေးမှ စေတနာရှင်များအနေဖြင့် ဦးသန်းထွန်း ဖုန်း- ၀၉-၂၀၁၈၂၀၂ (မန္တလေး)၊ ဦးသိန်းမြင့် ဖုန်း-၀၉-၅၀၀ ၉၇၃၅ (ရန်ကုန်မြို့)နှင့် ဦးသန်းဝင်း ဖုန်း-၀၉-၂၂၂၈၇၁၃ (ရမည်းသင်းမြို့) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

ပန်ဆိုင်း(ကြူကုတ်)မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော တောင်ပတ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးမျိုးမင်းသန်း၊ အမှုဆောင်အရာရှိ ဦးဝင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညွှန့်ရွှေတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စု ကံပျိုကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျောင်းခွဲ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတောက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူနှင့် မြို့နယ်ပညာရေးမှူး ဦးပေါင်ဇနန်တို့က ကျောင်း(ခွဲ) ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၆၂၉)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၃၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာ့ရှုခင်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဇာတ်လမ်းတို
၄း၃၀ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅ ၆။ ဗွီစီဒီကျော်ကြားတေး
၄း၄၅ ၇။ လျှပ်တစ်ပြက်
၄း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - မာယာနှုတ်ခမ်း(အပိုင်း-၈၈)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၄၅)
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၃၆)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ အနုပညာရှင်၏ တစ်နေ့တာ
၂၂။ ကုန်သွယ်သုတ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၅)**
၂၅။ ဂီတရင်ခုန်သံ

◆ နေအိမ်မှ

လျှပ်စစ်ပစ္စည်းများကို နှစ်ရက်ကြာမျှ သုံးစွဲနိုင်သည်။

သဘာဝပတ်ဝန်းကျင် ထိခိုက်စေနိုင်သော ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု မရှိသော လျှပ်စစ်ကား၏ လစ်သီယမ်အိုင်းယွန်း ဘက်ထရီအိုးများကို နေအိမ်များ၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်ချိန်များ၌ အရေးပေါ် လျှပ်စစ်အားအဖြစ် အသုံးချနိုင်ကြောင်း နီဆန်ကုမ္ပဏီက ပြောကြားသည်။

နေအိမ်များအား လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးနိုင်သော လျှပ်စစ်ကားများကို ၂၀၁၂ ခုနှစ် မတ်လထက် နောက်မကျဘဲ စီးပွားဖြစ် ထုတ်လုပ်ရောင်းချသွားရန် နီဆန်ကုမ္ပဏီက ရည်မှန်းထားသည်။ နီဆန်ကုမ္ပဏီ၏ အစုရှယ်ယာ ၄၄ရာခိုင်နှုန်းကို ပြင်သစ်နိုင်ငံရှိ ရေးနော့ကုမ္ပဏီက ပိုင်ဆိုင်သည်။

Leaf လျှပ်စစ်ကား၏ ဘက်ထရီများသည် အပြည့်အဝ အားသွင်းထားချိန်တွင် ၂၄ ကီလိုဝပ်နာရီ စွမ်းပကားရှိသည်။ ယင်းလျှပ်စစ်ဓာတ်အား ပမာဏမှာ ဂျပန်နိုင်ငံရှိ နေအိမ်တစ်လုံး နှစ်ရက်ကြာမျှ အသုံးပြုနိုင်သော ပျမ်းမျှ လျှပ်စစ်ဓာတ်အားပမာဏနှင့် တူညီသည်။

နေအိမ်ရှိ ရေခဲသေတ္တာ၊ လေအေးပေးစက်နှင့် အဝတ်လျှော်စက်များ တစ်ချိန်တည်း လည်ပတ်နိုင်ရန် လျှပ်စစ်ကား၏ ဘက်ထရီများက လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးမည်ဖြစ်သည်။ ***အင်တာနက်။***

IT Business Contest ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် အသင်းများက ICT Award ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိရာ ယခုနှစ်တွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် Japan နိုင်ငံ CIESF နှင့်ပူးပေါင်း၍ IT Industry ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် Mobile Telecommunication ဆိုင်ရာ ဆန်းသစ်သော နည်းပညာများ ပေါ်ထွက်လာစေရေးဟူသော ရည်ရွယ်ချက်များဖြင့် IT Business Contest ပြိုင်ပွဲကို ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲဝင်များသည် Mobile Application များဖြစ်သော Tele-medicine၊ Tele-education နှင့် Tele-social network တို့အနက်မှ ကြိုက်နှစ်သက်ရာခေါင်းစဉ်ကိုရွေးချယ်၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ပထမအဆင့် ၁၀ ဦးရွေးချယ်၍ ရွေးချယ်ခံရသူများသည် Japan နိုင်ငံမှ လာရောက်ပို့ချမည့် Training Course ကို တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက မိမိ၏ Project ကို ပိုမိုပြည့်စုံကောင်းမွန်လာအောင် ပြင်ဆင်၍ ပြိုင်ပွဲသို့ ပြန်လည်တင်ပြရမည်။ ထိုသို့ ပြင်ဆင်ပြီးသော ပြိုင်ပွဲဝင် Project များကို နောက်ဆုံးအဆင့် ဆုရွေးချယ်ပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသား မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်မည့် Project များကို မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်ရုံးခန်းသို့ စက်တင်ဘာ ၃ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား ပေးပို့ရမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ရုံးခန်း ဖုန်း- ၀၁-၆၅၂၃၀၇ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

ခေတ်မီဘက်စုံ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CETC International Co., Ltd. ဥက္ကဋ္ဌ Mr. Yan Lijin ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ခေတ်မီဘက်စုံ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး (Modern Agricultural Comprehensive Development Program of Myanmar) အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ နှစ်ဖက်ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ကြံသီးနှံဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီ တန်ချိန်နှစ်သိန်းကျသကြားစက်ရုံ တည်ဆောက်ရေး၊ သွင်းအားစု ဓာတ်မြေဩဇာ စက်ရုံများ တည်ဆောက်ရေး လုပ်ငန်းများတွင် CETC ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာများနှင့် ရေရှည်နှစ်ဖက်အကျိုးတူ စိုက်ပျိုးရေးနည်းပညာ ပူးပေါင်းဆောင်ရွက်နိုင်ရေး အစီအစဉ်များကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း အကောင်အထည်ဖော်မှု ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း အကောင်အထည်ဖော်ရာတွင် ဆပ်ကော်မတီများအနေဖြင့် အဓိကစီမံချက်လုပ်ငန်းကဏ္ဍ(၈)ရပ်ကို အလေးအနက်ထား၍ အမှန်တကယ်လိုအပ်သော ကျေးလက်ဒေသများကို ဗဟိုပြုကာ ဆောင်ရွက်နေကြောင်း၊ ကျေးလက်နေပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုဘဝမြင့်မားလာစေရေးအတွက် သက်ဆိုင်ရာ အထောက်အကူပြုကော်မတီအဆင့်ဆင့်တို့က အောက်ခြေအထိ အမြဲမပြတ်ကွင်းဆင်းလေ့လာပြီး လိုအပ်သောနည်းပညာနှင့် အရင်းအနှီးများရရှိရေးအတွက် ပေါင်းစပ်ပံ့ပိုးကူညီပေးလျက်ရှိကြောင်းဖြင့် ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း အကောင်အထည်ဖော်မှု ညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ဆွေးနွေးပြောကြားသည်။

(အောက်ပုံ)

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်းနှင့် ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာ ခရိုင်များအတွင်းရှိ ကျေးလက်ဒေသများ၌ ကွင်းဆင်းဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CETC International Co., Ltd. ဥက္ကဋ္ဌ Mr. Yan Lijin နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မန္တလေး၊ အမရပူရ၊ စစ်ကိုင်း၊ ပင်းယနှင့် အင်းဝဒေသများရှိ ဌာနဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ဇူလိုင် ၃၁ ရက် မွန်းလွဲပိုင်းတွင် အမျိုးသားဇာတ်ရုံ (မန္တလေး)၌ မန္တလေးဒေသရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ကြီးဌာန၏ လုပ်ငန်းလမ်းညွှန်ချက်များဖြစ်သည့် မြန်မာ့ယဉ်ကျေးမှုကို လူငယ်လူရွယ်များအကြား ထိုးဖောက်ဝင်ရောက်နိုင်အောင် ဆောင်ရွက်ရန်၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှ မြို့ပြခေတ်အထိ စဉ်ဆက်မပြတ် တိုးတက်လာသည့် မိမိတို့လူမျိုး၏ ရှည်လျားသည့် ယဉ်ကျေးမှုသမိုင်းအစဉ်အလာကို ပြည်သူများက တန်ဖိုးထားဂုဏ်ယူမြတ်နိုးလာအောင် ဆောင်ရွက်ရန်၊ ယဉ်ကျေးမှုအနုပညာများ၊ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံနှင့် အနုလက်ရာများ၏ တန်ဖိုးကြီးမားမှုကို ပြည်သူများ သိရှိနားလည်ပြီး ကာကွယ်ထိန်းသိမ်း စောင့်ရှောက်လိုသည့်စိတ်ဖြစ်ပေါ်လာအောင် ပညာပေးလှုံ့ဆော်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားသည့် ဦးပိန်တံတား၊ တိလောကဂုရုလိုဏ်ဂူ၊ အရိယာဝံသကျောင်း၊ ထူပါရုံဘုရားဝင်းအတွင်းရှိ ကျောက်စာရုံ၊ အစေခံ ခံတပ်၊ ဗုဒ္ဓဝင်ပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက် ခင်းကျင်းပြသထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် အင်းဝဒေသရှိ လောကဒုဿမာန်အောင်ဘုရား၊ မြင့်မိုရ်တောင်စူဠာမဏိဘုရား၊ ကြောင်လိမ်ဘုရား၊ ဝက်ပါဘုရား၊ ကိုးဆူတန်းဘုရားများ၊ ဗားမဲ့ခေါ် ဗားကရာသစ်သားကျောင်း၊ ကလေးကျေးတောင်ညိုစေတီရှိ နံရံဆေးရေးပန်းချီများနှင့် ပင်းယဒေသရှိ ဂူကြီးသုံးလုံးဘုရားများနှင့် အင်းဝ ရှေးဟောင်း သုတေသနပြတိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် အမျိုးသားဇာတ်ရုံ (မန္တလေး)၌ အများပြည်သူတို့အား တင်ဆက်ပြသမည့် ယဉ်ကျေးမှု ဖျော်ဖြေပွဲအစီအစဉ်များ လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်နှင့် တွေ့ဆုံ၍ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးသည်။

ဒုတိယဝန်ကြီးသည် ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်း၊ မဟာအတုလဝေယံ (အတုမရှိကျောင်း)၊ မြနန်းစံကျော် ရွှေနန်းတော်နှင့် အမရပူရကျောက်တော်ကြီးဘုရားရှိ နံရံဆေးရေးပန်းချီ၊ မန္တလေးယဉ်ကျေးမှုပြတိုက်နှင့် သုမ္မာဇရပ်များ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် အင်းဝယဉ်ကျေးမှု အမွေအနှစ်ဒေသတွင်ရှိသော ရှေးဟောင်းဘုရားများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြည်တွင်းဈေးကွက်

နိုင်လင်းကြည်

ပြည်တွင်း ပဲမျိုးစုံဈေးကွက်တွင် ဇူလိုင်လနှောင်းပိုင်းက ပဲမျိုးစုံဈေးနှုန်း အသီးသီးကျခဲ့ရာ ယခုအပတ်တွင်မူ ပဲမျိုးစုံဈေးကွက်များ၏ မတ်ပဲဈေးကွက်မှာ ဈေးနှုန်းများမြင့်တက်လာပြီး ပြည်တွင်းစားသုံးဆီဈေးကွက်၌ ဈေးကွက်လိုက်၍ ဈေးနှုန်းအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်။

မတ်ပဲ ။ ။ မတ်ပဲဈေးကွက်တွင် ဝယ်သူများ၏ဈေးမြင့်ဝယ်ယူမှုကြောင့် မတ်ပဲဈေးနှုန်းများ မြင့်တက်လာရာ မုံရွာမတ်ပဲဈေးကွက်တွင် ယခင်အပတ်က မတ်ပဲတစ်တန် ဈေးနှုန်း ငွေကျပ် ၄၈၉၉၀၀ သာရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၄၉၆၀၀၀ သို့ လည်းကောင်း၊ ပြည်မတ်ပဲဈေးကွက်တွင် ယခင်မတ်ပဲတစ်တန် ငွေကျပ် ၄၃၅၈၀၀ မှ ယခုအပတ်တွင် ငွေကျပ် ၅၂၀၅၀၀ သို့လည်းကောင်း ဈေးနှုန်းများ တက်လာခဲ့သည်။

ပဲတီစိမ်း ။ ။ ပဲတီစိမ်းဈေးကွက်တွင် အဝယ်ရှိသော်လည်း အရည်အသွေးအရ ဈေးနှုန်းများကျခဲ့ခြင်းကြောင့် မုံရွာပဲတီစိမ်းဈေးကွက်တွင် ယခင်အပတ်က ပဲတီစိမ်းတစ်တန်ဈေးနှုန်း ငွေကျပ် ၆၄၄၈၀၀ ရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၆၁၂၃၀၀ သို့လည်းကောင်း၊ မန္တလေးပဲတီစိမ်းဈေးကွက်၌ ယခင် ပဲတီစိမ်းတစ်တန် ငွေကျပ် ၆၈၅၈၀၀ ရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၅၇၆၈၀၀ သို့လည်းကောင်း ဈေးနှုန်းအသီးသီးကျဆင်းခဲ့သည်။

ပဲစင်းငုံ(နီ) ။ ။ ပဲစင်းငုံ(နီ) ဈေးကွက်တွင် ရောင်းသူများ၍ ဈေးလျှော့ဝယ်ယူခဲ့သဖြင့် မုံရွာပဲစင်းငုံ(နီ) ဈေးကွက်တွင် ယခင်အပတ်က ပဲစင်းငုံ(နီ) တစ်တန်ငွေကျပ် ၃၉၁၉၀၀ ရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၃၈၅၈၀၀ သို့ လည်းကောင်း၊ မန္တလေးပဲစင်းငုံ(နီ) ဈေးကွက်မှာ ယခင် ပဲစင်းငုံ(နီ) တစ်တန် ငွေကျပ်၃၈၂၇၀၀ မှ ယခုအပတ်တွင်မူ ငွေကျပ် ၃၇၇၈၀၀ သို့လည်းကောင်း ဈေးနှုန်းများ ကျဆင်းခဲ့သည်။

ပဲဆီ ။ ။ ပဲဆီဈေးကွက်တွင် ရန်ကုန်၊ ပဲခူး၊ မကွေး၊ တောင်ကြီးနှင့် စစ်တွေ ပဲဆီဈေးကွက်များ၌ ဈေးနှုန်းတည်ငြိမ်လျက်ရှိသော်လည်း မန္တလေးပဲဆီဈေးကွက်တွင် ပဲဆီတစ်ပိဿာ ငွေကျပ် ၃၄၀၀ သို့ လည်းကောင်း၊ မုံရွာပဲဆီဈေးကွက်တွင် ပဲဆီတစ်ပိဿာ ငွေကျပ် ၃၆၀၀ သို့လည်းကောင်း ဈေးနှုန်းများ တက်လာခဲ့သည်။

နှမ်းဆီ ။ ။ နှမ်းဆီဈေးကွက်တွင် ဈေးနှုန်းကျဆင်းမှု အမျိုးမျိုးဖြစ်ပေါ်လျက်ရှိရာ ရန်ကုန်နှမ်းဆီဈေးကွက်တွင် ယခင် နှမ်းဆီတစ်ပိဿာ ငွေကျပ် ၂၇၀၀ မှ ယခု ငွေကျပ် ၂၅၀၀ သို့လည်းကောင်း၊ မကွေးနှမ်းဆီဈေးကွက်တွင် ယခင် နှမ်းဆီတစ်ပိဿာ ငွေကျပ် ၂၃၅၀ မှ ယခု ငွေကျပ် ၂၂၀၀ သို့လည်းကောင်း ကျဆင်းခဲ့သည်။

စားအုန်းဆီ ။ ။ တောင်ကြီး စားအုန်းဆီဈေးကွက်တွင် ယခင်အပတ်က စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၂၁၀၀ မှ ယခုအပတ်တွင် ငွေကျပ် ၂၀၀၀ သို့ ကျဆင်းခဲ့သော်လည်း ရန်ကုန်၊ မန္တလေး၊ ပဲခူးနှင့် စစ်တွေ စားအုန်းဆီ ဈေးကွက်များ၏ စားအုန်းဆီဈေးနှုန်းမှာ အတက်အကျမရှိ တည်ငြိမ်လျက်ရှိသည်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁) ငွေဝတ်မှုံရပ်ကွက်နေ (ဗိုလ်မှူးကြီးခင်မောင်ဝင်း)၊ တင်ရီမ(ညောင်ဦး)တို့က ထာဝရအထွေထွေ ပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

ပြည်တွင်းပြည်ပ အားကစားသတင်းများ | ပြည်တွင်းပြည်ပ အားကစားသတင်းများ

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၃

၂၀၁၁ ခုနှစ် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ ဝေသာလီအားကစားခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဇနီးတို့ တက်ရောက်ပြီး ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု ရရှိသူများ၊ ဒုတိယဆုရ သံတွဲခရိုင် အမျိုးသမီးဘော်လီဘောအသင်းနှင့် ကျောက်ဖြူခရိုင် အမျိုးသားဘော်လီဘောအသင်း၊ ပထမဆုရ စစ်တွေခရိုင် အမျိုးသမီးဘော်လီဘောအသင်းနှင့် သံတွဲခရိုင် အမျိုးသားဘော်လီဘောအသင်းတို့အား ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်နုနုဇံက ပထမဆုရ စစ်တွေခရိုင် အမျိုးသမီး ဘော်လီဘောအသင်းအား တံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ပထမဆုရ သံတွဲခရိုင် အမျိုးသားဘော်လီဘောအသင်းအား တံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အမှတ်(၂)နေပြည်တော်အားကစားကွင်း (ဂဂ)အုပ်စု

ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန နှစ်ဂိုး

(စွမ်းထက်အောင်၊ အောင်သူဟိန်း)

ကာကွယ်ရေးဝန်ကြီးဌာန တစ်ဂိုး

(သီဟတင်စိုး)

(ဒိုင်လူကြီး)ဦးသူရိန်စိုး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

နေပြည်တော်လယ်ဝေးအားကစားကွင်း (ဂဂ)အုပ်စု

အားကစားဝန်ကြီးဌာန တစ်ဂိုး

(ငြိမ်းသန်း)

အလုပ်သမားဝန်ကြီးဌာန တစ်ဂိုး

(ရဲနောင်)

(ဒိုင်လူကြီး)ဦးထွန်းကြည်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၄-၈-၂၀၁၁ ရက် ပွဲစဉ်များ

အမှတ်(၂) နေပြည်တော်အားကစားကွင်း (ဃဃ)အုပ်စု

အမှတ်(၂)လျှပ်စစ် နှင့် ပြည်ထဲရေး

နေပြည်တော် လယ်ဝေးအားကစားကွင်း (ဃဃ) အုပ်စု

လူမှုဝန်ထမ်း နှင့် သတ္တုတွင်း

(၁၀၇)

အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ် စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၃

၂၀၁၀-၂၀၁၁ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ အမျိုးသား စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး**(ယာပုံ)** ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲသို့ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဩဂုတ် ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

အာရှလူငယ် ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၆)ကြိမ်မြောက် အာရှလူငယ်ဝူရှူးတံခွန်စိုက်ပြိုင်ပွဲသို့ မြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ် လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

အဆိုပါအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ အသင်းအုပ်ချုပ်သူများအဖြစ် ဆန်းဆိုအားကစားနည်းတွင် ဦးထွန်းထွန်းဦးနှင့် ထောက်လုအားကစားနည်းတွင် ဦးခွန်ဂျာအောင်၊ နိုင်ငံခြားနည်းပြဆရာ နှစ်ဦး၊ မြန်မာနည်းပြအဖြစ် ဆန်းဆိုအားကစားနည်းတွင် ဦးအောင်လွင်နှင့် ထောက်လု အားကစားနည်းတွင် ဦးနိုင်နိုင်အောင်၊ ဒိုင်အဖြစ် ဦးခင်စိုးနှင့် ဦးအောင်စည်သူတို့ လိုက်ပါမည်ဖြစ်ပြီး အမျိုးသားအားကစားသမားများအဖြစ် ကျော်ဇင်သစ်၊ ဝီလျံသိန်းထွန်း၊ စိန်သီဟအောင်၊ ဝင်းမော်ဦးနှင့် ဝေလျံလင်း၊ အမျိုးသမီးအားကစားသမားများအဖြစ် မြတ်သက်ဆုဝေဖြိုး၊ သန့်စုစန်၊ အေးသစ္စာမြင့်၊ သူထူးစံနှင့် ဆုလှိုင်ဦးတို့ သွားရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း ဦးဆောင်၍ အသင်းအုပ်ချုပ်သူ ဦးထွန်းထွန်းဦးနှင့် ဦးခွန်ဂျာအောင်တို့သည် အာရှဝူရှူးအဖွဲ့ချုပ်က ကျင်းပသော နည်းစနစ်ကော်မတီအစည်းအဝေးသို့ ဆက်လက်တက်ရောက်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် ရေသန့်ရပ် အမှတ်(၃၉/ခ)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၃-၈-၂၀၁၁ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party)၏ အလံပုံစံ



ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party)၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၃

၂၀၁၁ ခုနှစ် (၁၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်း အောင်မြင်မှုရရှိစေရေးနှင့် ထူးချွန်ထက်မြက်သော ပိုက်ကျော်ခြင်းအားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ လူသစ်တန်းပိုက်ကျော်ခြင်းအဖွဲ့လိုက်ပြိုင်ပွဲကို ဩဂုတ် ၆ ရက်မှ ၁၀ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှစတင်၍ တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲသို့ မြို့နယ်ပေါင်း ၃၆ မြို့နယ် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

မန်ယူအသင်း ဗလင်စီယာနှင့် လေးနှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆို

မန်ချက်စတာ ဩဂုတ် ၃

မန်ယူအသင်းသည် ၎င်း၏ တောင်ပံကစားသမား ဗလင်စီယာနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။

အသက် (၂၅)နှစ်ရှိ ဗလင်စီယာသည် ယခုစာချုပ်သစ်အရ မန်ယူအသင်းတွင် ၂၀၁၅ ခုနှစ် နွေရာသီအထိ ရှိနေမည်ဖြစ်သည်။ မန်ယူအသင်းတွင် ပွဲပေါင်း ၆၉ ပွဲ ပါဝင်ကစားပြီး ၁၀ ဂိုးသွင်းပေးထားသည့် ဗလင်စီယာသည် ၂၀၀၉ ခုနှစ်က ဝီဂန်အသင်းမှ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ ၎င်းသည် မန်ယူအသင်းသို့ ရောက်ရှိပြီးနောက်တွင် ခြေစွမ်းပြကစားနိုင်ခဲ့သည်။ သို့သော် ပြီးခဲ့သည့် ၂၀၁၀-၂၀၁၁ ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့နေရပြီး ဒဏ်ရာပြဿနာကင်းရှင်း၍ အသင်းတွင် ပြန်လည်ပါဝင်ကစားခဲ့သော်လည်း ပုံမှန်ခြေစွမ်းမရဘဲ ဝေဖန်မှုအမျိုးမျိုးဖြင့် ရင်ဆိုင်ခဲ့ရသေးသည်။ **ESPN**

■ ■ ■ ■ ■ ■

နည်းပြနှင့် စကားများခဲ့သည့် ဘာတန် နယူးကာဆယ်နှင့် လမ်းခွဲရန် အကြောင်းဖန်လာ

လန်ဒန် ဩဂုတ် ၃

နယူးကာဆယ်အသင်းအတွက် အဓိက အားထားရသည့် ကွင်းလယ်ကစားသမား ဘာတန်သည် နည်းပြ အလန်ပါဂျူးနှင့် စကားများခဲ့ရာမှ အသင်းနှင့်လမ်းခွဲရန် အကြောင်းဖန်လာခဲ့ခြင်းဖြစ်သည်။

ဘာတန်သည် နယူးကာဆယ်အသင်းနှင့် လိဒ်ယူနိုက်တက်အသင်းတို့ ခြေစမ်းပွဲကစားခဲ့သည့်ပွဲတွင် အသင်းခေါင်းဆောင်လက်ပတ် ဝတ်ဆင်ခွင့်မရ၍ စောဒကတက်ခဲ့ရာမှ နည်းပြ အလန်ပါဂျူးနှင့် စကားများခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဘာတန်သည် အသင်းပိုင်ရှင် မိုက်အက်ရှ်လေနှင့် အသင်းဘုတ်အဖွဲ့ကိုပါ ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့၍ ယခုအချိန်တွင် ၎င်းနှင့် ကျန်ရှိနေသေးသည့် စာချုပ်သက်တမ်းတစ်နှစ်ကို ဖျက်သိမ်းကာ အသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်ပေးလိုက်ပြီ ဖြစ်သည်။

အသက်(၂၉)နှစ်ထဲ ရောက်ရှိလာပြီဖြစ်သည့် ဘာတန်သည် ပြီးခဲ့သည့် ဘောလုံးရာသီက နယူးကာဆယ်အသင်း၏ ကွင်းလယ်တွင် တေလာ၊ နိုလန်တို့နှင့် တွဲဖက်၍ အထူးခြေစွမ်းပြခဲ့သည့် ကွင်းလယ်ဖန်တီးရှင်တစ်ဦး ဖြစ်ခဲ့သည်။ ယခုအချိန်တွင် ၎င်းကို မန်ယူ၊ အာဆင်နယ်၊ စပါး၊ ဗီလာ၊ ဘလက်ဘန်း၊ စတုတ်စီးတီး စသည့် အသင်းများက ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေသည်။ ယခင် မန်စီးတီးကစားသမားဟောင်းတစ်ဦး ဖြစ်ခဲ့ဖူးသည့် ဘာတန်သည် အကောင်းဆုံးခြေစွမ်းကို ပိုင်ဆိုင်ထားဆဲဖြစ်ခြင်းကြောင့် အသင်းကြီးတစ်သင်းသင်းသို့ ရောက်ရှိဖွယ်ရှိနေသည်။ **ESPN**



နယူးကာဆယ်အသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုလိုက်သည့် ဘာတန်။

ဟန်သစ်

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကန့်ကော်မြိုင်လမ်း တံတားအမှတ်(၁)အား ကွန်ကရစ်တံတားပြုလုပ်ဆောင်ရွက်နေမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဇူလိုင် ၂၈ ရက်က ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ဧရိပ်သာလမ်းပိုင်း(၂) ကတ္တရာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးအေးကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် သုံးဆယ်မြို့တောင်လမ်း သစ်တန်းလမ်းပေါ်ရှိ အုတ်ခုံကွန်ကရစ်တံတား တည်ဆောက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုး ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သဲတောဈေးအတွင်း လုံခြုံရေးမီးလိုင်းများ တပ်ဆင်နေမှုကို အဖွဲ့အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၆/အနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၁ ရက် ည ၇ နာရီက လောင်းကစားမှုပပျောက်ရေးနှင့် မှုခင်းပညာပေး ဟောပြောပွဲ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင့်နိုင် ဟောပြောရှင်းလင်းစဉ်။ (၅၃)

စံချိန်စံညွှန်းမီ ဆုရရှိခြင်း ဂုဏ်ပြု

နေပြည်တော် ဩဂုတ် ၃

International Arch Of Europe Gold Category Award 2011 ဆုကို Great FATHER LAND Construction & Decoration Co.,Ltd. မှ ရရှိခဲ့ခြင်းအတွက် ဂုဏ်ပြုပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ရင်ရင်ဂီတသဘင်မှ အနုပညာရှင်များ၊ စာနယ်ဇင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများနှင့် ကုမ္ပဏီဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

(အောက်ပုံ)

ယင်းဆုကို FATHER LAND ဆောက်လုပ်ရေးအား မက်ထရစ်စပိန်အဖွဲ့အစည်းမှ အရည်အသွေး၊ စံချိန်စံညွှန်းနှင့်အညီ စိစစ်ရွေးချယ်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

(ကြေးမုံ)

ပြင်ဦးလွင်ခရိုင် လောင်းကစားမှု ပပျောက်ရေး ဆွေးနွေး

ပြင်ဦးလွင် ဩဂုတ် ၃

ပြင်ဦးလွင်ခရိုင်နယ်မြေအတွင်း လောင်းကစားမှု ကင်းစင်ပပျောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ခရိုင်လောင်းကစားမှု ပပျောက်ရေး ကြီးကြပ်မှုကော်မတီ၊ ခရိုင်လောင်းကစားမှု တားဆီးရေး နှိမ်နင်းရေးအဖွဲ့၊ ခရိုင်လောင်းကစားမှုအသိပညာပေးရေးအဖွဲ့၊ ခရိုင်လောင်းကစားသူများ စာရင်းကောက်ယူရေးအဖွဲ့၊ ခရိုင်လောင်းကစားသူများ စိစစ်ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးကို ဇွန် ၃၀ ရက် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းအောင်က လောင်းကစားမှုပပျောက်ရေးအတွက် အစည်းအဝေးခေါ်ယူရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

(၆၁၃)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀F၊ မြေကွက်အမှတ်-၅၆ E/2၊ မြေကွက်တည်နေရာအမှတ်(၂၂-၂၄)စမုံလမ်း၊ ဒဂုံမြို့နယ် (ဒေါ်လှလှအုန်း) အမည်ပေါက်ဂရန်ရှိ မြေပိုင်မြေအား အမည်ပေါက်ထံမှ အပိုင်ပေးစာချုပ် ၅၈၁B/၉၇ (၂၆-၁၁-၉၇) မိတ္တူမှန်နှင့် တရားရုံးချုပ်(ရန်ကုန်)၏ ၂၀၀၉ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်(၃၂၀)နှင့်တရားရုံး အမိန့်အဆင့်ဆင့်ကိုတင်ပြပြီး အမည်ပြောင်းလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အုန်းကြည်(မိုးကုတ်) (၉၂)နှစ်

စစ်ကိုင်းပဌာန်းသိပ္ပံကျောင်း

မိုးကုတ်မြို့နေ(ဦးထယ်-ဒေါ်ဖုံ)တို့၏သမီး၊ (ဦးကိုလေး)၏ဇနီး၊ ရန်ကုန်မြို့နေ (ဦးအုန်းဖေ-ဒေါ်တင်တင်)၊ ဦးဗိုလ်သောင်း-(ဒေါ်မြကြည်)၊ ဦးဘအေး-(ဒေါ်ခင်မြင့်)၊ (ဗိုလ်မှူးပန်းကြိုင်)-သီရိသုဓမ္မသိင်္ဂီဒေါ်ခင်တင့်တို့၏အစ်မကြီး၊ ဒေါ်ခင်လေးကြည်၊ ဗိုလ်ကြီးမောင်မောင်လေး(ငြိမ်း)-ဒေါက်တာအေးသက်လှိုင်၊ ဦးညိုဝင်း-ဒေါ်ခင်မိုးပွင့်၊ (ဦးညွန့်လွင်)-ဒေါ်အေးအေး၊ ဦးဘိုမြသန်း-ဒေါ်တူးတူး၊ ဦးဘိုသိန်းထွန်း-ဒေါ်အေးမြင့်ကြည်၊ ဦးအေးချို(လ/ထ ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး၊ နေပြည်တော်)-ဒေါ်ကြည်ကြည်မြင့်၊ ဦးခင်မောင်ငွေ-ဒေါ်ကြည်ကြည်တင့်၊ ဒေါက်တာငွေလှိုင်-ဒေါ်ကြည်ကြည်သောင်း၊ ဦးမင်းသွင်-ဒေါ်ကြည်ကြည်ထွေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၂၆ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁-၈-၂၀၁၁ ရက် နံနက်၄နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၆၀)C-6(A+B)၊ ကံ့ကော်အိမ်ရာ၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၁ရက် ညနေ၃နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၁ ရက် နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစောတာခဲလယ်

အသက်(၉၅)နှစ်

တောင်ကြီးမြို့၊ အမှတ်(ရ/၃၂၃-၃၂၄)၊ ပုလဲလမ်း၊ နယ်မြေ(၃)၊ ရတနာသီရိရပ်နေ ဒေါ်နန်းအောင်၏ ခင်ပွန်း၊ (ဦးကျော်ထင်) - ဒေါ်နော်ရှီးလာ၊ ဦးကျောက်ကျူးတန်း-(ဒေါ်နော်ငွေငွေ)၊ (ဦးစောချစ်သာ)-ဒေါ်နော်ခင်မေအေး၊ (ဦးစောမောင်မောင်စိုး)-ဒေါ်နန်းဖြူဖြူဝင်း၊ (ဦးစောထွန်းထွန်း-ဒေါ်နန်းအေးယဉ်)၊ ဦးလီချန်-ဒေါ်နော်ညွန့်မေတို့၏ ဖခင်၊ မြေး ၁၇ယောက်တို့၏အဘိုး ဦးစောတာခဲလယ် အသက်(၉၅)နှစ် ယခင်ဥက္ကဌ (ရလလဖ)သည် ၁-၈-၂၀၁၁(တနင်္လာနေ့) ည ၇း၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၆-၈-၂၀၁၁ (စနေနေ့) မွန်းလွဲ ၁နာရီတွင် တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံ နှစ်ခြင်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးဦးရွှေဇံ(စစ်တွေ)

အသက်(၈၂)နှစ်

စစ်တွေမြို့၊ ရှုပမြောက်ရပ်ကွက်နေ ဦးထွန်းဝင်း(ရိုးမရောင်ခြည်ပွဲရုံ)၏ဖခင် ဦးဦးရွှေဇံသည် ၁-၈-၂၀၁၁ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဇော်ဇော်မင်း-ဒေါ်ခင်အေးသန်း

Comrade Business & Company Consultancy Group Co.,Ltd

အထူးကျေးဇူးတင်ရှိခြင်း

ဦးစောသန့်

ရွှေယမင်းစားသောက်ဆိုင်၊ သာကေတ

သတ္တုတူးဖော်ရေးအင်ဂျင်နီယာဌာန၊

ရန်ကုန်စက်မှုတက္ကသိုလ်၊(လ/ထ ကထိက-ဟောင်း)

အသက်(၆၄)နှစ်

၂၇-၇-၂၀၁၁ရက်တွင် ကွယ်လွန်သွားသော ဦးစောသန့်အား နာမကျန်းစဉ် ဂရုတစိုက်ကုသပေးခဲ့ပါသော ဆရာဝန်ပါမောက္ခများ၊ Sakura အထူးကုဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ၊ နာရေးကိစ္စအဝဝ၌ မေတ္တာစေတနာဖြင့် အဘက်ဘက်မှ ပံ့ပိုးကူညီအားပေးနှစ်သိမ့်ခဲ့ကြသော ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၆၄ နှင့် ၁၉၆၅)မှ သူငယ်ချင်းများ၊ သတ္တုတူးဖော်ရေးအင်ဂျင်နီယာအသင်းမှ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများနှင့် စက်မှုတက္ကသိုလ်မှ တပည့်ဟောင်းများ၊ ဒဂုံတက္ကသိုလ် သတ္တဗေဒဌာနမှ ဆရာ၊ ဆရာမများ၊ ဝေါမြို့နယ်အသင်း၊ SYM Education Services Co.,Ltd မိသားစု၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း သတင်းမေး၍ လှူဖွယ်ပစ္စည်းပေးပို့သူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ကိုထက်အောင်လှိုင်(ခ)ကိုပြည့်ကျော်ဦး (၂၆)နှစ်

သိန်းထူးထွန်းပွဲရုံ

ရန်ကုန်မြို့နေ ဦးဆန်းညွန့်သူ-ဒေါ်အေးမိစံ(Htoo Aye Trading Co., Ltd.)တို့၏ တစ်ဦးတည်းသောသားကြီးသည် ၂၈-၇-၂၀၁၁ (ကြာသပတေးနေ့) နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်ကျော်ဝင်း(ခ)ဦးဘာဘူ-ဒေါ်မြသီတာဦး

သန်လျင်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးထွန်းစိန်(ငြိမ်း)(မိုးကုတ်)

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အား/ကာ

မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်(ဥက္ကဌဟောင်း)

မိုးကုတ်မြို့ဈေးဟောင်းရပ်နေ (ဦးဝ-ဒေါ်စောမယ်)တို့၏သား၊ (ဦးတင်အောင်)-ဒေါ်ခင်စန်းကြည်တို့၏သားသမက်၊ (ဒေါ်သန်းသန်း)၊ အမှတ်(၂၅/၂၇)၊ လေဆိပ်လမ်း၊ (၁၀)မိုင်နေ ဒေါ်စန္ဒာအောင်၏ခင်ပွန်း ဗိုလ်မှူးကြီးထွန်းစိန်(ငြိမ်း)သည် ၃၁-၇-၂၀၁၁ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးထွန်းစိန်(ငြိမ်း)

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အား/ကာ

ချစ်ခင်လေးစားရပါသော ဗိုလ်မှူးကြီးထွန်းစိန်(ငြိမ်း)သည် ၃၁-၇-၂၀၁၁ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးငွေအောင်-ဒေါ်ငွေငွေညွန့်

မောင်သိန်းသန်းငွေ၊ မောင်သိန်းသန်းအောင်

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးစစ်အောင်(ငြိမ်း)

အသက်(၅၉)နှစ်

ဒုတိယဗိုလ်မှူးကြီးစစ်အောင်(ငြိမ်း)သည် ၃၁-၇-၂၀၁၁ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးချုပ်သိန်းထွန်း-နွေဦး

ဒေါက်တာရွှေမောင်သင်

(ဆေး-၁၊ ၁၉၇၄-၇၅)

ဆမ(၅၁၇၂)

အသက်(၆၀)

(ဦးစိုးသင်)-ဒေါ်ကြည်ကြည်မာတို့၏ညီ၊ ဦးအေးဝင်း-ဒေါ်နွယ်နွယ်ဝင်း၊ ဦးကျော်စိုးလင်း-ဒေါ်ထားထားဝင်းတို့၏အစ်ကို၊ ဦးခင်မောင်ထွန်း-ဒေါ်ကြည်ကြည်ရွှေ (ဗိုလ်မှူးကြီးသူရသန်းအောင်)-ဒေါ်နွယ်နီလှိုင်၊ ဦးခင်မောင်ဝင်း-ဒေါ်အေးအေးဟန်တို့၏မောင်၊ ဦးခင်မောင်သန်း-ဒေါ်ဆုမွန်ကျော်၊ ဦးကျော်အောင်ဆင့်-ဒေါ်ညွန့်ညွန့်ရီတို့၏အစ်ကို ဒေါက်တာ ရွှေမောင်သင်သည် ၃၁-၇-၂၀၁၁ (တနင်္ဂနွေနေ့) ည ၇း၄၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၁ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်မကြီး (၈၁)နှစ်

ဗိုလ်မှူးကြီးတင်မောင်ဝင်း-ဒေါ်သန်းသန်းနွဲ့တို့၏ မိခင် ဒေါ်ခင်မကြီး အသက်(၈၁)နှစ် ပျဉ်းမနားသည် ၃၁-၇-၂၀၁၁ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မသူဇာ၊ မစူး၊ ချိုချို၊ အေးမိစံ၊ နှင်းနှင်း၊ ခိုင်ခိုင်၊ G မိုး၊ A မိုး၊ ခခ၊ မာမာ၊ စံစံ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးအေးချို (၆၇)နှစ်

ဒေါက်တာမေသူဝင်း၏ မိခင်ကြီး ဒေါ်အေးအေးချိုသည် ၂၇-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အဘွား ဒေါ်ကြင်ကြင်မင်း မိသားစု၊ သထုံမြို့

ပြင်ဆင်ဖတ်ရှုပါရန်

၁-၈-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒုတိယဗိုလ်မှူးကြီးမြင့်မြင့်(ငြိမ်း) အသက်(၇၆)နှစ်၏ နာရေးတွင် "ဂျာမေဗလီမှ နေပြည်တော်ကွင်းကြီး ကဘာရ်စတန်တွင်" ဒါဖွာနာပြီးစီးပါကြောင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကျေးဇူးအထူးတင်ရှိခြင်း

ကိုလွှမ်းပိုင်(ခ)ကိုရွှေဘော် (၃၉)နှစ်

အထက(၂) ဗိုလ်တထောင် ကျောင်းသားဟောင်း

၃၀-၇-၂၀၁၁ရက်တွင် ကွယ်လွန်ခဲ့သော ကိုလွှမ်းပိုင်၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော သူငယ်ချင်းအဖွဲ့သားများအားလုံး၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် လိုက်ပါပို့ဆောင်ကြသူများနှင့် ရန်ကုန်ဆေးရုံကြီးမှ တာဝန်ကျ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများအားလုံးတို့နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို အထူးကျေးဇူးတင်ရှိပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၅-၈-၂၀၁၁ ရက် နံနက် (သောကြာနေ့)တွင် ၁၃၊ မဟာဗန္ဓုလလမ်း ရေကျော်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သစ်တောနဲ့ သစ်ပင်
ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

စွမ်းအင်နည်းပညာအင်တာနက်သတင်း ➢ ဘာသာပြန် - သတင်းလုလင်

နေအိမ်အား လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးနိုင်သော လျှပ်စစ်ကားကို နီဆန်ကုမ္ပဏီ ထုတ်လုပ်ရောင်းချမည်

တိုကျို ဩဂုတ် ၃

ဂျပန်နိုင်ငံရှိ နီဆန်ကုမ္ပဏီသည် နေအိမ်များအား လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးနိုင်သော လျှပ်စစ်ကားများကို စီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ယင်းကုမ္ပဏီ၏ ဩဂုတ် ၃ ရက် သတင်းကြေညာချက်တွင် ဖော်ပြသည်။

နီဆန်ကုမ္ပဏီက ထုတ်လုပ်ထားသော Leaf ဟု အမည်ပေးထားသော လျှပ်စစ်ကားဖြင့် နေအိမ်ကို လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးနိုင်ကြောင်း သတင်းကြေညာချက်တွင် ဖော်ပြသည်။

လျှပ်စစ်ကား၏ ဘက်ထရီမှတစ်ဆင့် နေအိမ်တစ်လုံးအတွင်းရှိ လျှပ်စစ်ပစ္စည်းများ အသုံးပြုနိုင်ပုံကို နီဆန်ကုမ္ပဏီဝန်ထမ်းများက သရုပ်ပြသခဲ့သည်။

လျှပ်စစ်ကား၏ အားသွင်းထားသော ဘက်ထရီကို အသုံးပြုကာ နေအိမ်အတွင်းရှိ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ◆**

လျှပ်စစ်ကားဖြင့် နေအိမ်အား လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးနိုင်ပုံကို နီဆန်ကုမ္ပဏီ ဝန်ထမ်းတစ်ဦး သရုပ်ပြသစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇီဝမျိုးစုံမျိုးကွဲများ နေထိုင်ကျက်စားရာ ရမ်ဆာဒေသ မြန်မာနိုင်ငံတွင် အများအပြားရှိ

သတင်းဆောင်းပါး - ချစ်ဝင်းမြတ်(ကြေးမုံ) ➢ ဓာတ်ပုံ - BANCA

ကမ္ဘာပေါ်တွင် အရေးကြီး ရေတိမ်ဒေသ (Ramsar Site) ၁၉၀၀ ကျော်ရှိပြီး ရေတိမ်ဒေသ ကြွယ်ဝစွာတည်ရှိသည့် မြန်မာနိုင်ငံတွင်လည်း ရမ်ဆာဒေသအဖြစ် သတ်မှတ်နိုင်သည့် ဒေသအများအပြားရှိကြောင်း၊ ထိုအထဲတွင် မုတ္တမပင်လယ်ကွေ့ဒေသသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

“ရမ်ဆာဒေသတစ်ခုဖြစ်ဖို့ သတ်မှတ်စံချိန်စံညွှန်းတွေအများကြီး လိုပါတယ်။ မြန်မာနိုင်ငံက ဒေသတွေမှာ အဲဒီစံချိန်စံညွှန်းတွေနဲ့ ကိုက်ညီတဲ့ ဒေသအများအပြားရှိပါတယ်။ မြန်မာနိုင်ငံမှာ အဖြစ်နိုင်ဆုံး နောက်ထပ်ရမ်ဆာဒေသတစ်ခုကတော့ မုတ္တမပင်လယ်ကွေ့ပါ။ မုတ္တမပင်လယ်ကွေ့ဟာ မြန်မာနိုင်ငံရဲ့ ဒုတိယရမ်ဆာဒေသအဖြစ် သတ်မှတ်ဖို့ အသင့်တော်ဆုံးဒေသပါ”ဟု Birdlife International မှ Mr.Simba Chan က သုံးသပ်ပြောကြားသည်။

မုတ္တမပင်လယ်ကွေ့သည် ဆောင်းခိုငှက် ၃၆ မျိုး ကျက်စားနေထိုင်လျက်ရှိပြီး ယင်းတို့အထဲတွင် ရေညှော်င့် နှုတ်ဝိုင်းငှက် **(အပေါ်ပုံ)** အပါအဝင် မျိုးသုဉ်းရန်အစိုးရိမ်ရဆုံးဖြစ်သည့် ငှက်လေးမျိုးလည်း ကျက်စားလျက်ရှိကြောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**

သံလွင်၊ စစ်တောင်းနှင့် ငဝန်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၃

သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ အချိန် တိုင်းထွာချက်အရ ဘားအံမြို့၌ ၈၁၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၆၈ စင်တီမီတာ (၂ ဒသမ ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၀၉၀ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၀ စင်တီမီတာ (သုည ဒသမ ၇ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ အချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၆၇ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၇ စင်တီမီတာ (၁ ဒသမ ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)